Provisional

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၁၈ ဘဏ္ဍာနှစ်အကူးအပြောင်းကာလ အစီရင်ခံစာ

## (ဧပြီလမှ စက်တင်ဘာလအထိ)

# Central Bank of Myanmar

## FY 2018 Transaction Period Report

## (April to September)

Remark : Provisional Data are subjected to revise later in accordance with the publication format.

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# ၂၀၁၈ ဘဏ္ဍာနှစ်အကူးအပြောင်းကာလ အစီရင်ခံစာ
# (ဧပြီလမှ စက်တင်ဘာလအထိ)

## မာတိကာ


**ဥယျောဇဉ်** ၆

**ဒါရိုက်တာအဖွဲ့၏ မှတ်တမ်းဓါတ်ပုံများ (မူဝါဒအဖွဲ့)** ၁၁

**အပိုင်း (၁)**

**မေခရိုစီးပွားရေးဆိုင်ရာဆောင်ရက်မှုများ**

၁.၁ ပြည်တွင်းငွေရေးကြေးရေးအခြေအနေ ...... ၁၄

၁.၂ ပြည်ပငွေကြေးအခြေအနေ ...... ၁၈

၁.၃ ငွေကြေးမူဝါဒမူဘောင်နှင့် အကောင်အထည်ဖော်ဆောင်ရက်မှုအခြေအနေ ...... ၂၄

၁.၄ သီးသန့်ငွေကြေးပမာဏအခြေအနေ ...... ၂၄

၁.၅ ငွေကြေးဖောင်းပွမှု ...... ၂၈

၁.၆ အတိုးနှုန်း ...... ၂၈

၁.၇ ငွေလဲလှယ်နှုန်းများ ...... ၃၀

**အပိုင်း (၂)**

**ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရက်ချက်များ**

၂.၁ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချခြင်း ...... ၃၈

၂.၂ အစိုးရငွေတိုက်လက်မှတ်များအား လေလံစနစ်ဖြင့် ထုတ်ဝေရောင်းချခြင်း ...... ၃၈

၂.၃ အစိုးရငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် ထုတ်ဝေရောင်းချခြင်း ...... ၃၈

၂.၄ ဘဏ်များအကြား ငွေကြေးဈေးကွက် အကောင်အထည်ဖော်ဆောင်ရက်ခြင်း ...... ၄၀

၂.၅ ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရက်ချက်များ ...... ၄၀

၂.၆ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရက်ချက်များ ...... ၄၀

၂.၇ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်တင်ပြခြင်း ...... ၄၂

၂.၈ ဘဏ်အချင်းချင်း စာရင်းရှင်းလင်းခြင်း ...... ၄၂

၂.၉ အစိုးရ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရက်ပေးခြင်း ...... ၄၂

၂.၁၀ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး ...... ၄၂

၂.၁၁ နိုင်ငံခြားသုံးငွေဆိုင်ရာလိုင်စင်များ စိစစ်ထုတ်ပေးခြင်း ...... ၄၆

၂.၁၂ ပြည်ပချေးငွေများအား ချေးယူခွင့်ပြုခြင်း ...... ၄၆

၂.၁၃ ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက် Interbank FX Market ဆိုင်ရာဝန်ဆောင်မှုများ ...... ၄၈

၂.၁၄ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)၊ ငွေကြေးလုပ်ငန်းဆောင်ရက်ပြီးစီးမှု ...... ၅၀

၂.၁၅ ဘဏ်လုပ်ငန်းလုံခြုံရေး ...... ၅၄

# CENTRAL BANK OF MYANMAR

# FY 2018 Transaction Period Report

# (April to September)

## CONTENT


Message from the Governor 7

Photos of the Board of Directors (Policy Board) 11

PART (I)

MACROECONOMIC PERFORMANCE

1.1 Domestic Finance Condition ..... 15

1.2 External Sector Condition ..... 19

1.3 Monetary Policy Framework and Implementation ..... 25

1.4 Reserve Money ..... 25

1.5 Inflation ..... 29

1.6 Interest Rate ..... 29

1.7 Exchange Rates ..... 31

PART (II)

OPERATIONS OF THE BANK

2.1 Issuing Government Treasury Bonds ..... 39

2.2 Issuance of Government Treasury Bills by Auction ..... 39

2.3 Issuance of Government Treasury Bonds by Auction ..... 39

2.4 Implementation Interbank Market ..... 41

2.5 Activities of Bond Market Development ..... 41

2.6 Activities with International Organizations ..... 41

2.7 Performance in comparison with the previous year ..... 43

2.8 Clearing Settlement ..... 43

2.9 Acting as Agent of the Government ..... 43

2.10 Activities on the Development of Payment System ..... 43

2.11 Issuing Foreign Exchange License ..... 47

2.12 Permission of Offshore Loans ..... 47

2.13 The Interbank Foreign Exchange Market in Myanmar ..... 49

2.14 The Implementing Currency Management in 2018 (April to September) ..... 51

2.15 Banking Security ..... 55

**အပိုင်း (၃)**

**မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ**


၃.၁ ပြည်တွင်းပုဂ္ဂလိကဘဏ်များသို့ ဘဏ်လုပ်ငန်းဆောင်ရက်ခွင့်လိုင်စင် ထုတ်ပေးခြင်း ...... ၅၈

၃.၂ နိုင်ငံခြားဘဏ်များအား မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရက်ခွင့်ပြုခြင်း ...... ၅၈

၃.၃ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရက်မှုများ ...... ၅၈

၃.၄ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ၅၈

၃.၅ ငွေရေးကြေးရေးအလုံးစုံပါဝင်မှု (Financial Inclusion) ဆိုင်ရာ တိုးတက်ဆောင်ရက်မှုများ ...... ၆၀

၃.၆ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ...... ၆၂

၃.၇ စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း ...... ၆၂

၃.၈ ဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်းလက်ကျန်ရှင်းတမ်းအခြေအနေ ...... ၆၂

၃.၉ ဘဏ်များမှ စီးပွားရေးကဏ္ဍအလိုက် ချေးငွေထုတ်ချေးထားမှုအခြေအနေ ...... ၆၄

၃.၁၀ ဘဏ်များမှ အာမခံအမျိုးအစားအလိုက် ချေးငွေထုတ်ချေးမှုအခြေအနေ ...... ၆၆

၃.၁၁ ပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုအခြေအနေ ...... ၆၆

၃.၁၂ နိုင်ငံခြားဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုအခြေအနေ ...... ၆၈

၃.၁၃ ပုဂ္ဂလိကဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအခြေအနေ ...... ၆၈

၃.၁၄ ပုဂ္ဂလိကဘဏ်များ၏ ရရန်ပိုင်ခွင့်အရည်အသွေးနှင့် အရင်း/အတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေများ ...... ၇၀

၃.၁၅ စီမံခန့်ခွဲမှုအခြေအနေ ...... ၇၀

၃.၁၆ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှုအခြေအနေ ...... ၇၀

၃.၁၇ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ဘဏ်ခွဲများ၏ ငွေကြေးလွယ်ကူမှုအခြေအနေ ...... ၇၂

၃.၁၈ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဈေးကွက်အစုရှယ်ယာအခြေအနေ ...... ၇၄

၃.၁၉ ဘဏ်များမှ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ အစီရင်ခံတင်ပြခြင်း ...... ၇၄

၃.၂၀ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း ...... ၇၆

၃.၂၁ Risk-based Supervision ဆောင်ရက်နေမှုများ ...... ၈၀

၃.၂၂ ဘဏ်တွင်းစာရင်းစစ်ဌာန၏ အခန်းကဏ္ဍ ...... ၈၀


**အပိုင်း (၄)**

**စီမံခန့်ခွဲမှုနှင့် ဖွဲ့စည်းဆောင်ရက်ခြင်း**


၄.၁ ဒါရိုက်တာအဖွဲ့ (မူဝါဒအဖွဲ့) ...... ၈၄

၄.၂ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဝန်ထမ်းအင်အားစာရင်း ...... ၈၆


**နောက်ဆက်တွဲများ**


၁. ဝင်ငွေနှင့်အသုံးစရိတ်ရှင်းတမ်း

၂. လက်ကျန်ရှင်းတမ်း

၃. အရေးကြီးဆက်သွယ်ရန်လိပ်စာ

၄. တွေ့ဆုံဆွေးနွေးဂါရဝပြုခြင်းနှင့် ဆွေးနွေးပွဲများ

၅. ဒါရိုက်တာအဖွဲ့၏ မှတ်တမ်းဓါတ်ပုံ

PART (III)

DEVELOPMENTS IN MYANMAR'S BANKING INDUSTRY

3.1 Issuing new licenses to establish local banks ........ 59
3.2 Allowing the Foreign Banks to enter and conduct in Myanma Banking Industry ........ 59
3.3 Arrangement on Foreign Banks' Representative Offices ........ 59
3.4 Progress Made on Implementation of AML/CFT Regime ........ 59
3.5 Improving Financial Inclusion ........ 61
3.6 Financial Institutions Supervision Department ........ 63
3.7 Off–site Monitoring ........ 63
3.8 Highlight of Aggregate Balance Sheet of the Banking Sector ........ 63
3.9 Loan and Advances to Different Economic Sectors ........ 65
3.10 Security–wise Loan and Advances ........ 67
3.11 Scope of Private Banks Operation ........ 67
3.12 Scope of Foreign Banks Operation ........ 69
3.13 Capital Adequacy Requirement of Private Banks ........ 69
3.14 Asset Quality and Non–Performing Loans for Private Banks ........ 71
3.15 Management ........ 71
3.16 Earnings and Profitability of Private Banks and Foreign Banks ........ 71
3.17 Liquidity Position of Private Banks and Foreign Banks ........ 73
3.18 Market Share of State Banks, Private Banks and Foreign Bank ........ 75
3.19 Banks' Reporting to FISD ........ 75
3.20 On–site Examination ........ 77
3.21 Implementation of Risk Based Supervision ........ 81
3.22 The Role of Internal Audit ........ 81

PART (IV)

MANAGEMENT AND ORGANIZATION

4.1 Board of Directors (Policy Board) ........ 85
4.2 Staff Strength of the Central Bank of Myanmar (April to September, 2018) ........ 87

ANNEXES

I. Income & Expenditure Statement
II. Balance Sheet
III. Important Contact Address
IV. Courtesy Calls and Discussions
V. Photo of the Board of Directors



## ဥယျောဇင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအသစ်အရ သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်လာပြီး၊ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကရည်ရယ်၍ အကောင်အထည်ဖော်ဆောင်ရက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်မှုရရှိစေရန်အတွက် နိုင်ငံ၏စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေမည့် သီးသန့်ငွေကြေးပမာဏကို ရည်မှန်းသတ်မှတ်ပြီး၊ ရည်မှန်းပမာဏရရှိအောင် ထိန်းကျောင်းသည့် ငွေကြေးမူဝါဒမူဘောင်ကိုကျင့်သုံးကာ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းရည်မှန်းချက်အား သင့်တင့်မျှတသောငွေဖောင်းပွမှုနှုန်းဘောင်အတွင်းရှိနေစေရန် ဆောင်ရက်လျက်ရှိပါသည်။ ထိုကဲ့သို့ဆောင်ရက်ရာတွင် အသုံးပြုလေ့ရှိသည့် ငွေကြေးမူဝါဒနည်းလမ်းများမှာ အတိုးနှုန်းမူဝါဒ၊ ဘဏ်များမှ ဗဟိုဘဏ်တွင်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ အပ်ငွေလေလံ/ ချေးငွေလေလံ ခေါ်ယူခြင်းနှင့် ငွေရေးကြေးရေးဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းတို့ဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတာကာလအတွင်း အပ်ငွေလေလံ (၁၂) ကြိမ်ခေါ်ယူခဲ့ပြီး၊ ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့သဖြင့် သီးသန့်ငွေကြေးပမာဏ (Reserve Money) နှင့် စုစုပေါင်းငွေကြေးပမာဏ (Money Supply) တို့မှာ ရည်မှန်းချက်ဘောင်အတွင်းသို့ ရောက်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေးကို အလေးထားဆောင်ရက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နှင့် ဘဏ်ခွဲပေါင်း ၁၇၁၀ ခု၊ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခု၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၄၄ ခု၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီကိုယ်စားလှယ်ရုံး ၅ ခုနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း ၂၅ ခုတို့အား ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်ပါသည်။ ထို့အပြင် ဘဏ်ဝန်ဆောင်မှုလက်လှမ်းမမီသည့်ဒေသများမှပြည်သူများ ငွေရေးကြေးရေးဝန်ဆောင်မှုကို အလွယ်တကူရရှိစေရန်ရည်ရယ်၍ ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်းများ ဆောင်ရက်ခွင့်ပြုလျက်ရှိရာ အစီရင်ခံသည့်ကာလအထိ ပုဂ္ဂလိကဘဏ် ၉ ဘဏ်၊ မိုဘိုင်းကွန်ယက်ဆောင်ရက်သူ ၂ ခုနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း ၁ ခု တို့မှ မိုဘိုင်းဘဏ်လုပ်ငန်းများ ဆောင်ရက်လျက်ရှိပါသည်။ ဘဏ်များကိုကြီးကြပ်စစ်ဆေးရာ၌ Compliance-based Supervision မှ Risk-based Supervision သို့ ပြောင်းလဲကျင့်သုံးရန်အတွက် ၂၀၁၈ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ နည်းပညာအကူအညီရယူကာ ဌာနတွင်းလိုအပ်သည့် Guideline များ၊ User Manual များထုတ်ပြန်ပြီး ဘဏ်အချို့အား စမ်းသပ်ဆောင်ရက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် Risk-based Supervision ကို အပြည့်အဝကျင့်သုံးသွားနိုင်ရန် ရည်မှန်းထားပါသည်။

ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်အတွက် JICA ၏ အကူအညီဖြင့် ပိုမို၍လုံခြုံစိတ်ချထိရောက်မှုရှိသော ငွေပေးချေမှုကွန်ယက်အဆောက်အအုံ(CBM-NET System)ကိုတည်ဆောက်ပြီး ပမာဏကြီးမားသောပေးချေမှုများအတွက် အချိန်နှင့်တစ်ပြေးညီစာရင်းရှင်းလင်းခြင်းစနစ်နှင့် ချက်လက်မှတ်စာရင်းရှင်းလင်းမှုစနစ်တို့ကို အသုံးပြုဆောင်ရက်နိုင်ခဲ့ပါသည်။ ထို့အပြင် လက်ရှိ CBM-NET System အား နိုင်ငံတကာအဆင့်မီမြှင့်တင်နိုင်ရန်နှင့် အာဆီယံဒေသတွင်း ချိတ်ဆက်ဆောင်ရက်နိုင်ရေးအသင့်အနေအထားသို့ရောက်ရှိစေရန် CBM-NET System ဒုတိယအဆင့်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရက်နိုင်မည်ဖြစ်ပါသည်။

စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သုံးလပတ်ငွေရေးကြေးရေးစာရင်းအင်းအစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာနှင့် ငွေကြေးမူဝါဒအစီရင်ခံစာတို့ကို ထုတ်ပြန်လျက်ရှိပြီး၊ အဆိုပါအစီရင်ခံစာများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဆိုဒ် www.cbm.gov.mm တွင် ရယူဖတ်ရှုနိုင်ပါသည်။



## Messagefrom the Governor

Central Bank of Myanmar has become an independent entity according to the new Central Bank of Myanmar Law enacted on 11th July, 2013 and mainly implemented Monetary Stability, Financial System Stability and Payment and Settlement System Development.

For the monetary stability, Central Bank of Myanmar has adopted the Reserve Money Targeting Monetary Policy Framework to establish a certain amount of reserve money according to our economy, and implemented to achieve national projected economic growth at the reasonable inflation level. In such managing, we used to apply some monetary policy instruments like Interest Rate Policy, setting Minimum Reserve Requirement Ratio for banks, conducting deposit auction/ credit auction and open market operations. Within the six months of April to September 2018, we conducted 12 times of deposit auctions and sucked up excess money from the market, and thus the reserve money and money supply reached in the targeted bound.

Central Bank of Myanmar has focused on the financial inclusion and thus granted 27 private banks with 1710 branches, 13 foreign bank branches with 44 foreign bank representative offices, 5 representative offices of foreign finance companies and 25 Non–Bank Financial Institutions up to the end of September 2018. Moreover, in order to access easily financial services to the people from the unreached area of the banking service, we have allowed to the banks to conduct mobile banking services, and up to the reporting period, 9 private banks, 2 Mobile Network Operators and 1 Non–Bank Financial Institution are operating mobile banking services. In the method of the banking supervision, for adopting Risk–based Supervision from Compliance–based Supervision, Central Bank of Myanmar has issued Internal Guidelines and User Manual with the Technical Assistance of IMF and then tested to some banks in 2018, and we have a plan to fully adopt Risk–based Supervision in 2020.

For the payment and settlement sector, we have built safe, reliable and efficient payment network infrastructure (CBM–NET System) with JICA Grant Aid, and thus Real Time Gross Settlement System – RTGS and Mechanized Clearing House – MCH was able to be launched for the large value payment. Besides, to upgrade this current system in line with the international standards and to be ready for linkage in ASEAN Region, the Project of CBM–NET System Phase II has been currently implementing and the targeted timeline will be October, 2020.

For the data transparency and accuracy, Central Bank of Myanmar has been publishing Quarterly Financial Statistics Bulletin, Annual Report and Monetary Policy Report and these reports can be freely downloaded on our website: www.cbm.gov.mm.

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်လုပ်ငန်းများဆောင်ရက်ရာတွင် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်သော IMF, World Bank နှင့် ADB တို့အပြင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့တို့နှင့်လည်း ဆက်သွယ်ဆောင်ရက်လျက်ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာအကြံဉာဏ်များကို ရယူဆောင်ရက်လျက်ရှိပါသည်။ ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်များနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖလှယ်ခြင်း၊ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရက်ခြင်းများကို ပုံမှန်ဆောင်ရက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ထိရောက်သည့်ပံ့ပိုးမှုများနှင့် လမ်းညွှန်မှုများပေးခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာအဖွဲ့ဝင်များအားလည်းကောင်း၊ မိမိတို့တာဝန်ဝတ္တရားများကို ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရက်ပေးခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဝန်ထမ်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

(ကျော်ကျော်မောင်)

ဥက္ကဋ္ဌ

The Central Bank of Myanmar has been collaborating with international financial organizations such as IMF, World Bank and ADB as well as the regional South East Asian Central Banks (SEACEN) Research and Training Centre. We often consult with them and receive technical and operational advices. In addition, we have signed the Memorandum of Understanding with the Central Banks of Cambodia, Laos, Thailand, Singapore and Vietnam and then performed the exchange of the financial and banking experiences as well as cooperation of the banking sector development on a regular basis.

Finally, I wish to express my great thanks to the Board of Directors of the Central Bank of Myanmar for their effective suppprt and guidance, and also appreciation to our staff for their all-out efforts in the process of development and firmness of the financial and banking sector of Myanmar.

(Kyaw Kyaw Maung)

Governor

# PHOTOS OF THE MEMBERS OF BOARD OF DIRECTORS (Policy Board)

## (FY 2018, April to September)

CHAIRMAN



U Kyaw Kyaw Maung

Governor

## MEMBERS



U Soe Min

Deputy Governor



U Soe Thein

Deputy Governor



U Bo Bo Nge

Deputy Governor



U Kyaw Min Tun



U Myint Thein Tun



U Soe Paing



Daw Yi Yi Win



Daw Khin May Hla

# အပိုင်း (၁)
# မေခရိစီးပွားရေးဆိုင်ရာဆောင်ရက်မှုများ

# Part (I)
# MACROECONOMIC PERFORMANCE

## ၁.၁ ပြည်တွင်းငွေရေးကြေးရေးအခြေအနေ

**ငွေကြေးစစ်တမ်း** ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ပြည်တွင်းချေးငွေနှင့် ငွေကြေးပမာဏအခြေအနေတို့အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်နှင့် နှိုင်းယှဉ်ကာ အောက်ဖော်ပြပါဇယားဖြင့် ဖော်ပြထားပါသည်-

**ဇယား (၁) ငွေကြေးစစ်တမ်း** **(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ | ပြောင်းလဲမှု |
|---|---|---|---|---|
| ၁ | **အသားတင်နိုင်ငံခြား ရရန်ပိုင်ခွင့်များ** | **၈၉၀၈၂၃၅** | **၁၀၈၄၀၈၈၀** | (+) **၁၉၃၂၆၄၅** |
| ၂ | **ပြည်တွင်းချေးငွေ** | **၃၆၃၂၃၈၂၃** | **၄၄၀၈၀၉၂၇** | (+) **၇၇၅၇၁၀၄** |
| | **၁ အစိုးရကဏ္ဍမှ အသားတင်ရရန်ရှိငွေ** | **၁၄၃၄၅၆၀၀** | **၁၈၅၆၁၆၇၇** | (+) **၄၂၁၆၀၇၇** |
| | (က) အစိုးရကဏ္ဍမှ ရရန်ရှိငွေ | ၃၁၁၈၂၅၃၆ | ၂၁၇၆၁၇၀၉ | (-) ၉၄၂၀၈၂၇ |
| | အစိုးရငွေတိုက်လက်မှတ်များ | ၁၅၂၆၀၀၈၃ | ၁၆၃၀၇၂၁၈ | (+) ၁၀၄၇၁၃၅ |
| | အစိုးရငွေတိုက်စာချုပ်များ | ၃၉၉၇၄၇၄ | ၅၄၄၉၉၇၅ | (+) ၁၄၅၂၅၀၁ |
| | (ခ) အစိုးရကဏ္ဍသို့ ပေးရန်ရှိငွေ | ၁၆၈၃၆၉၃၆ | ၃၂၀၀၀၃၂ | (-) ၁၃၆၃၆၉၀၄ |
| | **၂ အခြားကဏ္ဍများမှ ရရန်ရှိငွေ** | **၂၁၉၇၈၂၂၃** | **၂၅၅၁၉၂၅၀** | (+) **၃၅၄၁၀၂၇** |
| | ပုဂ္ဂလိကကဏ္ဍမှ ရရန်ရှိငွေ | ၂၀၅၆၉၈၄၆ | ၂၄၉၁၉၄၂၆ | (+) ၄၃၄၉၅၈၀ |
| ၃ | **အခြားအကြောင်းအရာများ (အသားတင်)** | ၇၀၅၇၈၆ | (-) ၄၄၁၄၂၆ | (-) ၁၁၄၇၂၁၂ |
| ၄ | **အကျယ်သဘောငွေကြေးပမာဏ (M2)** | **၄၅၉၃၇၈၄၄** | **၅၄၄၈၀၃၈၁** | (+) **၈၅၄၂၅၃၇** |
| | **၁ ငွေကြေးပမာဏ (M1)** | **၁၄၆၄၁၁၂၃** | **၁၇၁၉၁၉၇၀** | (+) **၂၅၅၀၈၄၇** |
| | (က) စီးပွားရေးစနစ်အတွင်းရှိ အမှန်တကယ် လှည့်လည်သုံးစွဲငွေ | ၉၉၇၃၁၅၂ | ၁၁၅၀၄၂၇၉ | (+) ၁၅၃၁၁၂၇ |
| | (ခ) စာရင်းရှင်အပ်ငွေများ | ၄၆၆၇၉၇၁ | ၅၆၈၇၆၉၁ | (+) ၁၀၁၉၇၂၀ |
| | **၂ အခြားအပ်ငွေများ** | **၃၁၂၉၆၇၂၁** | **၃၇၂၈၈၄၁၁** | (+) **၅၉၉၁၆၉၀** |
| | (က) အချိန်ပိုင်းအပ်ငွေများ | ၁၀၇၃၉၀၇၁ | ၁၀၃၀၃၂၂၄ | (-) ၄၃၅၈၄၇ |
| | (ခ) ငွေစုဘဏ်အပ်ငွေများ | ၁၉၀၀၇၁၄၉ | ၂၂၄၁၁၂၁၀ | (+) ၃၄၀၄၀၆၁ |
| | (ဂ) အခြားအပ်ငွေများ | ၁၅၅၀၅၀၁ | ၄၅၇၃၉၇၇ | (+) ၃၀၂၃၄၇၆ |

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ကျပ်သန်းပေါင်း ၁၉၃၂၆၄၅ မြင့်တက်ခဲ့ပြီး၊ ပမာဏအားဖြင့် ကျပ် ၁၀၈၄၀၈၈၀ သန်းသို့ ရောက်ရှိခဲ့ရာ၊ ရာခိုင်နှုန်းအားဖြင့် ၂၁.၇၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စီးပွားရေးစနစ်အတွင်းရှိ အမှန်တကယ်လှည့်လည်သုံးစွဲငွေမှာ ကျပ်သန်းပေါင်း ၁၁၅၀၄၂၇၉ အထိ ရှိခဲ့ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၁၅.၃၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ငွေကြေးပမာဏတွင်ပါဝင်သော စာရင်းရှင်အပ်ငွေမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ၅.၆၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၁.၈၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။

ငွေကြေးပမာဏ (M1) နှင့် အကျယ်သဘောငွေကြေးပမာဏ (M2) တို့မှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ရာခိုင်နှုန်းအားဖြင့် ၁၇.၄၂ ရာခိုင်နှုန်းနှင့် ၁၈.၆၀ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ပြည်တွင်းချေးငွေပမာဏမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၂၁.၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ၊ ၎င်းမှာ ငွေကြေးပမာဏကိုတိုးစေသော အကြောင်းရင်းတစ်ချက်ဖြစ်ခဲ့ပါသည်။ စုဆောင်းငွေများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကျပ်သန်းပေါင်း ၃၇၂၈၈၄၁၁ သို့ မြင့်တက်ခဲ့ရာ၊ ရာခိုင်နှုန်းအားဖြင့် ၁၉.၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေများမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ၂၇.၆၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ၂၁.၁၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ရာ၊ ၎င်းမှာ ပြည်တွင်းချေးငွေကို မြင့်တက်စေခဲ့သော အချက်တစ်ချက်ဖြစ်ခဲ့ပါသည်။

## 1.1 Domestic Finance Condition

**Depository Corporations Survey** The condition of domestic credit and monetary aggregates for September 2018 is shown below in comparison with September 2017.

**Table (1) Depository Corporations Survey** **(Kyat in Million)**


| Serial No. | Particulars | 2017 Sept | 2018 Sept | Annual Change |
|---|---|---|---|---|
| 1 | **Net Foreign Assets** | **8908235** | **10840880** | **(+) 1932645** |
| 2 | **Domestic Credit** | **36323823** | **44080927** | **(+) 7757104** |
| | **1 Net Claims on Central Government** | **14345600** | **18561677** | **(+) 4216077** |
| | a. Claims on Central Government | 31182536 | 21761709 | (-) 9420827 |
| | of which: Treasury Bills | 15260083 | 16307218 | (+) 1047315 |
| | Treasury Bonds | 3997474 | 5449975 | (+) 1452501 |
| | b. Liabilities to Central Government | 16836936 | 3200032 | (-) 13636904 |
| | **2 Claims on Other Sectors** | **21978223** | **25519250** | **(+) 3541027** |
| | of which: Claims on Private Sector | 20569846 | 24919426 | (+) 4349580 |
| 3 | **Other Items (Net)** | **705786** | **(-) 441426** | (-) **1147212** |
| 4 | **Broad Money (M2)** | **45937844** | **54480381** | **(+) 8542537** |
| | **1 Money Supply (M1)** | **14641123** | **17191970** | **(+) 2550847** |
| | a. Currency outside depository Corporations | 9973152 | 11504279 | (+) 1531127 |
| | b. Transferable Deposits | 4667971 | 5687691 | (+) 1019720 |
| | **2 Other Deposits** | **31296721** | **37288411** | **(+) 5991690** |
| | a. Fixed Deposits | 10739071 | 10303224 | (-) 435847 |
| | b. Savings Deposits | 19007149 | 22411210 | (+) 3404061 |
| | c. Other Deposits | 1550501 | 4573977 | (+) 3023476 |


In the reporting period, net foreign assets increased by Kyat 1932645 million and reached to Kyat 10840880 million, rising 21.70 % from the same period of last year. At the end of September 2018, currency outside depository corporations increased to 15.35 % from a year earlier and amounted to Kyat 11504279 million, while transferable deposits widened to 21.85 % in September 2018 from 5.64 % in the September 2017.

In the interim period, the growth rates of money supply (M1) and broad money (M2) rose to 17.42 % and 18.60 % respectively from a year earlier. Domestic credit increased to 21.36 % by the end of September 2018, and it was one of the main drivers of the increase in money supply growth. Claims on private sector increased to 21.15 % from 27.64 % in the same period of last year while other deposits accelerated by 19.14 % from a year earlier and amounted to Kyat 37288411 million.

## ဇယား (၂) ငွေကြေးပမာဏတိုးတက်မှုနှုန်း

| | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ | | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ | | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ | |
|---|---|---|---|---|---|---|
| | ကျပ်သန်းပေါင်း | % | ကျပ်သန်းပေါင်း | % | ကျပ်သန်းပေါင်း | % |
| စီးပွားရေးစနစ်အတွင်းရှိ အမှန်တကယ် လှည့်လည်သုံးစွဲငွေ[၁] | ၉၂၁၈၇၀၆ | -၃.၁၇ | ၉၉၇၃၁၅၂ | ၈.၁၈ | ၁၁၅၀၄၂၇၉ | ၁၅.၃၅ |
| အခြေခံငွေကြေးပမာဏ ($M_0$)[၂] | ၁၅၃၂၉၃၀၄ | ၁၀.၃၆ | ၁၆၅၆၂၁၂၂ | ၈.၀၄ | ၁၇၃၂၇၀၂၇ | ၄.၆၂ |
| စာရင်းရှင်အပ်ငွေ | ၄၄၁၈၉၆၁ | -၄.၈၉ | ၄၆၆၇၉၇၁ | ၅.၆၄ | ၅၆၈၇၆၉၁ | ၂၁.၈၅ |
| ငွေကြေးပမာဏ ($M_1$)[၃] | ၁၃၆၃၇၆၆၇ | -၃.၇၃ | ၁၄၆၄၁၁၂၃ | ၇.၃၆ | ၁၇၁၉၁၉၇၀ | ၁၇.၄၂ |
| အခြားအပ်ငွေများ (အချိန်ပိုင်း၊ ငွေစုဘဏ် အပ်ငွေနှင့် အခြားအပ်ငွေ) | ၂၄၁၉၃၃၇၀ | ၃၂.၁၄ | ၃၁၂၉၆၇၂၁ | ၂၉.၃၆ | ၃၇၂၈၈၄၁၁ | ၁၉.၁၄ |
| အကျယ်သဘောငွေကြေးပမာဏ ($M_2$)[၄] | ၃၇၈၃၁၀၃၇ | ၁၆.၄၉ | ၄၅၉၃၇၈၄၄ | ၂၁.၄၃ | ၅၄၄၈၀၃၈၁ | ၁၈.၆၀ |




[၁] ဘဏ်လုပ်ငန်းစနစ်မှ ကိုင်ဆောင်ထားသော ငွေများမပါဝင်ပါ။
[၂] ဗဟိုဘဏ်မှထုတ်ဝေသော ငွေစက္ကူနှင့် ငွေအကြွေများနှင့် ဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ သီးသန့်ငွေလိုအပ်ချက်အတွက် ဗဟိုဘဏ်တွင်ထားရှိရမည့် အပ်ငွေများ ပါဝင်ပါသည်။
[၃] စီးပွားရေးစနစ်အတွင်းရှိ အမှန်တကယ်လှည့်လည်သုံးစွဲငွေနှင့် စာရင်းရှင်အပ်ငွေများ ပါဝင်ပါသည်။
[၄] ငွေကြေးပမာဏ (M1) နှင့် စုဆောင်းငွေများ ပါဝင်ပါသည်။

Table (2) Monetary Aggregates: Growth Rates (Y-o-Y)

| | 2016 Sept | | 2017 Sept | | 2018 Sept | |
|---|---|---|---|---|---|---|
| | Kyat in Million | % | Kyat in Million | % | Kyat in Million | % |
| Currency Outside Depository Corporations[1] | 9218706 | -3.17 | 9973152 | 8.18 | 11504279 | 15.35 |
| Monetary Base (M0)[2] | 15329304 | 10.36 | 16562122 | 8.04 | 17327027 | 4.62 |
| Transferable Deposits | 4418961 | -4.89 | 4667971 | 5.64 | 5687691 | 21.85 |
| Money Supply (M1)[3] | 13637667 | -3.73 | 14641123 | 7.36 | 17191970 | 17.42 |
| Other Deposits (Fixed, Savings and other) | 24193370 | 32.14 | 31296721 | 29.36 | 37288411 | 19.14 |
| Broad Money (M2)[4] | 37831037 | 16.49 | 45937844 | 21.43 | 54480381 | 18.60 |

Chart-1






Chart-2




[1]Excludes holdings by depository corporations (the Central Bank of Myanmar and the banks)

[2]Comprises currency issued by the Central Bank and financial institutions' deposits in national currency and foreign currency at the Central Bank of Myanmar for required reserves and clearing balances.

[3]Comprises currency outside depository corporations and transferable deposits.

[4]Includes M1 plus other deposits.

## ၁.၂ ပြည်ပငွေကြေးအခြေအနေ

**နိုင်ငံခြားငွေပေးငွေယူစာရင်း** ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း သွင်းကုန်တင်သွင်းမှုများ မြင့်တက်လာခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းများ ကျဆင်းခဲ့ခြင်းတို့ကြောင့် နိုင်ငံခြားငွေပေးငွေယူစာရင်း၌ လိုငွေ အမေရိကန်ဒေါ်လာ ၂၆.၇ သန်း ဆက်လက်ဖြစ်ပေါ်နေပြီး၊ ယခင်နှစ်အလားတူကာလတွင် လိုငွေ အမေရိကန်ဒေါ်လာ ၁၀.၁ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း သာမန်စာရင်းလိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၁၉၂၂.၅ သန်း ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း သာမန်စာရင်းလိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၁၃၀၈.၅ သန်းအထိ ကျဆင်းခဲ့ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းများ ကျဆင်းခဲ့ခြင်းကြောင့် ငွေရေးကြေးရေးစာရင်းတွင် အသားတင်စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၁၆၈၆.၇ သန်း ရှိခဲ့ပါသည်။ နိုင်ငံခြားငွေပေးငွေယူစာရင်းအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**ဇယား (၃) နိုင်ငံခြားငွေပေးငွေယူစာရင်း** (အမေရိကန်ဒေါ်လာသန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇(ဧပြီ-စက်တင်ဘာ) ရှေ့ပြေးအမှန် | ၂၀၁၈(ဧပြီ-စက်တင်ဘာ) ယာယီ |
|---|---|---|---|
| ၁။ | ပို့ကုန် (သင်္ဘောပေါ်ရောက်တန်ဖိုး)<br>ရာခိုင်နှုန်းပြောင်းလဲမှု | ၄၇၁၆.၆<br>၀.၄ | ၅၄၉၀.၀<br>၁၆.၄ |
| ၂။ | သွင်းကုန် (သင်္ဘောပေါ်ရောက်တန်ဖိုး)<br>ရာခိုင်နှုန်းပြောင်းလဲမှု | (-) ၇၄၉၈.၈<br>၂၃.၅ | (-) ၇၉၃၇.၇<br>၅.၉ |
| ၃။ | ကုန်သွယ်မှုရှင်းတမ်း | (-) ၂၇၈၂.၂ | (-) ၂၄၄၇.၇ |
| ၄။ | အသားတင်ဝန်ဆောင်မှု | ၅၀၄.၉ | ၆၁၈.၃ |
| ၅။ | အသားတင်ဝင်ငွေ | (-) ၈၁၂.၂ | (-) ၇၃၃.၅ |
| ၆။ | အသားတင်ငွေလွှဲပြောင်းမှု | ၁၁၆၇.၀ | ၁၄၀၆.၃ |
| ၇။ | သာမန်စာရင်း | (-) ၁၉၂၂.၅ | (-) ၁၃၀၈.၅ |
| ၈။ | ငွေလုံးငွေရင်းစာရင်း | ၀.၁ | ၀.၀ |
| ၉။ | ငွေရေးကြေးရေးစာရင်း | (-) ၁၉၄၁.၄ | (-) ၁၆၈၆.၇ |
| | ၁. ရရန်တာဝန်များ<br>(+=အသားတင်အတိုး/ -= အသားတင်အလျော့) | (-) ၂၀၉.၆ | (-) ၆၀၆.၂ |
| | ငွေကြေးနှင့် အပ်နှံငွေများ | (-) ၂၈၇.၈ | (-) ၆၀၆.၅ |
| | ၂. ပေးရန်တာဝန်များ<br>(+=အသားတင်အတိုး/ -= အသားတင်အလျော့) | ၁၇၃၁.၈ | ၁၀၈၀.၅ |
| | ပြည်ပရင်းနှီးမြှုပ်နှံမှုစာရင်း | ၁၄၃၈.၁ | ၈၁၉.၉ |
| | အခြားရင်းနှီးမြှုပ်နှံမှုစာရင်း | ၂၉၁.၉ | ၂၆၀.၆ |
| | ငွေကြေးနှင့် အပ်နှံငွေများ | ၁၀၇.၀ | (-) ၂၈၁.၃ |
| | ချေးငွေ | ၁၉၃.၄ | ၅၅၂.၃ |
| | အစိုးရချေးငွေ | ၃၆.၄ | ၁၂၅.၈ |
| | ချေးငွေယူခြင်း | ၂၃၀.၀ | ၃၄၉.၂ |
| | ပြန်ပေးဆပ်ခြင်း | ၁၉၃.၇ | ၂၂၃.၅ |
| | ကြွေးမြီစာရင်း<br>အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အထူးအစီအစဉ်) | ၀.၀ | ၀.၀ |
| ၁၀။ | အထက်ပါစာရင်းတွင် ကျန်ရစ်သည့်ကိစ္စရပ်များအတွက် ဖြည့်စွက်ချက် စုစုပေါင်း ပိုငွေ (+) / လိုငွေ (-) | (-) ၂၉.၁ | (-) ၄၀၄.၈ |
| ၁၁။ | နိုင်ငံခြားသုံးသီးသန့်ငွေပြောင်းလဲမှု | (-) ၁၀.၁ | (-) ၂၆.၇ |
| ၁၂။ | စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေပြောင်းလဲမှု | (+) ၁၀.၁ | (+) ၂၆.၇ |

## 1.2 External Sector Condition

**Balance of Payments** The overall Balance of Payments position continued to show a deficit of US$ 26.7 million during April to September in 2018, slightly increased from a deficit of US$ 10.1 million in the same period of previous year. This decline was underpinned mainly due to significantly increased in imports payments and decreased in Investment inflows. The current account deficit narrowed to US$ 1308.5 million during April to September, compared to a large deficit of US$ 1922.5 million in the same period of previous year. The financial account posted US$ 1686.7 net inflows mainly due to decrease of net inflows of foreign direct investment. BOP statistics are as shown below:

**Table (3) Balance of Payments** **(US$ in Million)**

| Sr. No. | Particulars | 2017 (Apr-Sept) (P.A) | 2018 (Apr-Sept) (P) |
|---|---|---|---|
| 1. | Exports (f.o.b) | 4716.6 | 5490.0 |
| | (% change) | 0.4 | 16.4 |
| 2. | Imports (f.o.b) | (-) 7498.8 | (-) 7937.7 |
| | (% change) | 23.5 | 5.9 |
| 3. | Trade Balance | (-) 2782.2 | (-) 2447.7 |
| 4. | Services, net | 504.9 | 618.3 |
| 5. | Primary Income, net | (-) 812.2 | (-) 733.5 |
| 6. | Secondary Income, net | 1167.0 | 1254.4 |
| 7. | Current Account | (-) 1922.5 | (-) 1308.5 |
| 8. | Capital Account | 0.1 | 0.0 |
| 9. | Financial Account | (-) 1941.4 | (-) 1686.7 |
| | 1. Assets (+= net increase/ - = net decrease) | (-) 209.6 | (-) 606.2 |
| | Of which: Currency & Deposit(assets) | (-) 287.8 | (-) 606.5 |
| | 2. Liabilities (+= net increase/ - = net decrease) | 1731.8 | 1080.5 |
| | Of which: Direct Investment (liabilities) | 1438.1 | 819.9 |
| | Of which: Other Investment (liabilities) | 291.9 | 260.6 |
| | Currency & Deposit (liabilities) | 107.0 | (-) 281.3 |
| | Loan (liabilities) | 193.4 | 552.3 |
| | Of which: Government Loan (liabilities) | 36.4 | 125.8 |
| | Disbursements | 230.0 | 349.2 |
| | Repayments | 193.7 | 223.5 |
| | Allocation of SDRs | 0.0 | 0.0 |
| 10. | Net errors & omissions | (-) 29.1 | (-) 404.8 |
| 11. | Overall Balance | (-) 10.1 | (-) 26.7 |
| 12. | Gross Reserves (-increase) | (+) 10.1 | (+) 26.7 |

P : Provisional


P. A : Provisional Actual

## သာမန်စာရင်း

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း သာမန်စာရင်းလိုငွေဖြစ်ပေါ်မှုသည် ယခင်နှစ် အလားတူကာလက ထက် ၃၁.၉ % သိသိသာသာကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၃၀၈.၅ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင် ဘာလအတွင်း သာမန်စာရင်းလိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၁၉၂၂.၅ သန်း ရှိခဲ့ပါသည်။ အဓိကအားဖြင့် ဝန်ဆောင် မှုစာရင်းနှင့် အသားတင်ငွေလွှဲပြောင်းမှုစာရင်းတို့ မြင့်တက်ခဲ့ခြင်းနှင့် ဝင်ငွေစာရင်း လိုငွေဖြစ်ပေါ်မှု ကျဆင်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့ခြင်းကြောင့် ကုန်သွယ်ရေးလိုငွေဖြစ် ပေါ်မှုသည် ၁၂.၀ % ကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၂၄၄၇.၇ သန်း ရှိခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဂျာမနီ၊ ဗြိတိန်၊ ကိုရီးယား သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်၊ နယ်သာလန်နှင့် စင်ကာပူနိုင်ငံစသည့် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံ များမှ ဝယ်လိုအားမြင့်တက်ခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ပို့ကုန်တင်ပို့မှုမှာ ၁၆.၄ % တိုးတက် ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၄၉၀.၀ သန်း ရှိခဲ့ပါသည်။ ယခင်နှစ်အလားတူကာလတွင် ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄၇၁၆.၆ သန်း ရှိခဲ့ပါသည်။ အဝတ်အထည်တင်ပို့မှုသည် အစီရင်ခံသည့်ကာလတွင် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၅.၅ % ရှိခဲ့ပြီး၊ သဘာဝဓါတ်ငွေ့တင်ပို့မှုသည် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၁၈.၇ % ရှိခဲ့ပါသည်။ ယာယီစာရင်းများအရ သံနှင့်သတ္တုရိုင်း တင်ပို့ မှုတွင် ယခင်နှစ်အလားတူကာလကထက် ၃၉.၃ %၊ ကျောက်စိမ်းတင်ပို့မှုတွင် ၁၀၂.၁ % နှင့် ငါးနှင့်ငါးထုတ်ကုန်တင်ပို့မှုတွင် ၃.၅ % အသီးသီးမြင့်တက်ခဲ့ပါသည်။ စုစုပေါင်းပို့ကုန်တင်ပို့မှုတွင် နိုင်ငံပိုင်ကဏ္ဍမှ ၂၅.၂ % နှင့် ပုဂ္ဂလိကကဏ္ဍမှ ၇၄.၈ % ပါဝင်ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ရင်းနှီးကုန်စည်တင်သွင်းမှု၊ ကြားခံကုန်စည်တင်သွင်းမှုနှင့် စားသုံးကုန်စည်တင်သွင်း မှု မြင့်တက်ခဲ့ခြင်းတို့ကြောင့် သွင်းကုန်တင်သွင်းမှုသည် ယခင်နှစ်အလားတူကာလကထက် ၅.၉ % မြင့်တက်ခဲ့ပြီး၊ အမေရိကန် ဒေါ်လာ ၇၉၃၇.၇ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း သွင်းကုန်တင်သွင်းမှုသည် အမေရိကန် ဒေါ်လာ ၇၄၉၈.၈ သန်း ရှိခဲ့ပါသည်။ ယာယီစာရင်းများအရ ရင်းနှီးကုန်စည်တင်သွင်းမှုသည် ယခင်နှစ်အလားတူကာလက ထက် ၂.၂ %၊ ကြားခံကုန်စည်တင်သွင်းမှုသည် ၁၆.၇ % နှင့် စားသုံးကုန်စည်တင်သွင်းမှုသည် ၅.၉ % အသီးသီးမြင့်တက်ခဲ့ရာ စုစုပေါင်းသွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးကုန်စည်တင်သွင်းမှုသည် ၃၅.၁ %၊ ကြားခံကုန်စည်တင်သွင်းမှုသည် ၃၈.၁ % နှင့် စားသုံးကုန်စည်တင်သွင်းမှုသည် ၂၆.၈ % ပါဝင်ခဲ့ပါသည်။ စုစုပေါင်းသွင်းကုန်တင်သွင်းမှုတွင် နိုင်ငံပိုင်ကဏ္ဍမှ ၇.၆ % နှင့် ပုဂ္ဂလိကကဏ္ဍမှ ၉၂.၆ % အသီးသီးပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ သွင်းကုန်အဓိကတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကိုရီး ယားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့ ဖြစ်ကြပါသည်။




## Current Account

The current account reached at a deficit of US$ 1308.5 million during April to September in 2018; significantly lower than 31.9 % the US$ 1922.5 million deficit recorded in the same period of 2017. This improvement was due to the increase in Services and Secondary Income Account and decrease in deficit of Primary Income Account. The trade in goods deficit for April to September in 2018 went down by 12.0 % to US$ 2447.7 million as increased in growth rate in exports of goods.


Exports of goods rose by 16.4 % to US$ 5490.0 million during April to September in 2018 from US$ 4716.6 million in the same period of 2017 driven by continued demand from the country's trading partners (i.e, China, Thailand, Japan, United States of America, India, Germany, United Kingdom, Republic of Korea, Hong Kong, Bangladesh, Netherlands and Singapore). The expansion in exports of goods was due largely to manufacturing export (garment export) which accounts for 25.5 %, follow by gas export which amounts for 18.7 % of total exports of April to September in 2018. According to provisional data, export of base metal and ores, jade as well as fish and fish product increased by 39.3 %, 102.1 % and 3.5 % respectively, compared with the data in the same period of last year. Out of the total exports, the share of the government and private sector contributed to 25.2 % and 74.8 % respectively.

Imports of goods went up by 5.9 % to US$ 7937.7 million from US$ 7498.8 million in the same period of a year ago due to increase in imports of capital goods, intermediate goods and consumer goods. According to provisional data, capital goods increased by 2.2 %, intermediate goods increased by 16.7 % and consumer goods increased by 5.9 % compared to the same period of previous year. Out of the total imports, capital goods, intermediate goods, consumer goods cover 35.1 %, 38.1 % and 26.8 % respectively. The import of the government sector was 7.6 % while that of the private sector was 92.4 % respectively. Major trading partners of imports consist of China, Singapore, Thailand, India, Malaysia, Indonesia, Japan, Vietnam, Republic of Korea, United States of America and France.


Chart – 3



ပုံ - ၄ ပို့ကုန်တင်ပို့သောနိုင်ငံများ (၂၀၁၈ ဧပြီ-စက်) (ရာခိုင်နှုန်း)




ပုံ - ၅ သွင်းကုန်တင်သွင်းသောနိုင်ငံများ (၂၀၁၈ ဧပြီ-စက်) (ရာခိုင်နှုန်း)




၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ဝန်ဆောင်မှုစာရင်းပိုငွေဖြစ်ပေါ်မှုသည် ယခင်နှစ်အလားတူကာလကထက် ၂၂.၅ % မြင့်တက်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၆၁၈.၃ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဝန်ဆောင်မှုစာရင်းပိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၅၀၄.၉ သန်း ရှိခဲ့ပါသည်။ ယင်းသို့ ဝန်ဆောင်မှုစာရင်းပိုငွေ မြင့်တက်ခဲ့ရခြင်းမှာ ကုန်ထုတ်လုပ်ခြင်းဝန်ဆောင်မှုမှ ရငွေများ မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အမြတ်ငွေပြန်လည်ပေးပို့မှု ကျဆင်းလာခြင်းကြောင့် ဝင်ငွေစာရင်းတွင် လိုငွေဖြစ်ပေါ်မှုသည် ယခင်နှစ်အလားတူကာလကထက် ၉.၇ % ကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၇၃၃.၅ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဝင်ငွေစာရင်း လိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၈၁၂.၂ သန်း ရှိခဲ့ပါသည်။

နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံသားများထံမှ လွှဲပြောင်းပေးပို့ငွေများ၊ ဖွံ့ဖြိုးမှုအကူအညီပေးခြင်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လွှဲပြောင်းငွေများနှင့် လူမှုရေးနှင့်ပတ်သက်သော လှူဒါန်းမှုများအပါအဝင် အခြားလွှဲပြောင်းပေးပို့ငွေများ မြင့်တက်လာခြင်းတို့ကြောင့် ငွေလွှဲပြောင်းမှုစာရင်းတွင် ပိုငွေဖြစ်ပေါ်မှုသည် ယခင်နှစ်အလားတူကာလကထက် ၇.၅ % တိုးတက်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၂၅၄.၄ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေလွှဲပြောင်းမှုစာရင်းတွင် ပိုငွေဖြစ်ပေါ်မှုသည် အမေရိကန်ဒေါ်လာ ၁၁၆၇.၀ သန်း ရှိခဲ့ပါသည်။

## ငွေရေးကြေးရေးစာရင်းအခြေအနေ

အစီရင်ခံသည့်ကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်ခြင်းများ ကျဆင်းခဲ့ခြင်းနှင့် ပြည်တွင်းအခြေစိုက်နေထိုင်သူများမှ ငွေကြေးအပ်နှံမှုတွင် ပေးရန်တာဝန်များ ကျဆင်းလာခဲ့ခြင်းတို့ကြောင့် ငွေရေးကြေးရေးစာရင်းတွင် အသားတင်စီးဝင်မှုမှာ ယခင်နှစ်အလားတူကာလထက် ၁၃.၁ % ကျဆင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၆၈၆.၇ သန်း ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေရေးကြေးရေးစာရင်းတွင် အသားတင်စီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၉၄၁.၄ သန်း ရှိခဲ့ပါသည်။

## နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၃၀၃.၀ သန်း ရှိခဲ့ပြီး၊ သွင်းကုန်နှင့် ဝန်ဆောင်မှုပေးချေခြင်းတို့အတွက် ၃.၃ လစာရှိပါသည်။

Chart – 4 Export Partner Countries, 2018 (Apr – Sept) (Share of %)






Chart – 5 Import Partner Countries, 2018 (Apr – Sept) (Share of %)




The Surplus in the trade in services account increased by 22.5 % amounted to US$ 618.3 million during April to September in 2018, slightly more than the US$ 504.9 million net receipts in the same period of previous year. This improvement was mainly driven by increased in manufacturing service.

The primary income account posted the deficits of US$ 733.5 million, 9.7 % lower than the US$ 812.2 million from the same period of previous year due to decreased in profit reparation of foreign investors.

The Surplus in secondary income account grew by 7.5 % to US$ 1254.4 million from US$ 1167.0 million in the same period of a year ago. This increase was attributable to remittances of Myanmar nationals working abroad and other current transfers including development assistance, transfers of financial corporations and social donations.

## Financial Account

During the reporting period, the net inflows in financial account decrease by 13.1 % to US$ 1686.7 million from US$ 1941.4 million in the same period of previous year. This decline was mainly driven by foreign direct investment flows and residents' net incurrence of liabilities on currency and deposit.

## International Reserves

The country gross international reserves amounted US$ 5303.0 million at the end of September 2018, which can cover 3.3 months' worth of imports of goods and payments of services.

## ၁.၃ ငွေကြေးမူဝါဒမူဘောင်နှင့် အကောင်အထည်ဖော်ဆောင်ရက်မှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ သီးခြားလွတ်လပ်သောဗဟိုဘဏ်အဖြစ် ရပ်တည်လျက် အဓိကရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်အတွက် မိမိ၏ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရက်ရာတွင် သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက်သတ်မှတ်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင်ကို ကျင့်သုံးဆောင်ရက်လျက်ရှိပါသည်။ ၎င်းငွေကြေးမူဝါဒမူဘောင်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းရည်မှန်းချက်အား သင့်တင့်မျှတသောငွေဖောင်းပွမှုနှုန်းဘောင်အတွင်း ရရှိစေနိုင်မည့် ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ် သတ်မှတ်ထားရှိပြီး အဆိုပါရည်မှန်းချက်ဘောင်အတွင်းရှိစေရန် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ အပ်ငွေလေလံ/ ချေးငွေလေလံခေါ်ယူခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်မှုရရှိစေရန်ဆောင်ရက်ရာတွင် စီးပွားရေးစနစ်တွင်ဖြစ်လာမည့် ငွေကြေးပမာဏအား ခန့်မှန်းတွက်ချက်ပြီး ငွေကြေးပမာဏရည်မှန်းချက်နှင့် နှိုင်းယှဉ်ချိန်ထိုး၍ စီးပွားရေးစနစ်အတွင်းသို့ ငွေကြေးထည့်သွင်းရန်လိုအပ်ပါက ချေးငွေလေလံခေါ်ယူခြင်းနှင့် စီးပွားရေးစနစ်အတွင်းမှ ပိုလျှံငွေကြေးများအား နုတ်သိမ်းရန်လိုအပ်ပါက အပ်ငွေလေလံခေါ်ယူခြင်း စသည့်နည်းလမ်းများဖြင့် ငွေကြေးပမာဏအား ရည်မှန်းချက်ဘောင်အတွင်း ရှိစေရန် ထိန်းညှိပေးပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏ လက်ရှိမေခရိုစီးပွားရေးဆိုင်ရာ အခြေခံအချက်များအရ အနည်းငယ်တင်းကြပ်သောငွေကြေးမူဝါဒ ကျင့်သုံးလျက်ရှိသဖြင့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတာကာလအတွင်း အပ်ငွေလေလံခေါ်ယူခြင်းကိုသာ ဆောင်ရက်ခဲ့ပြီး၊ ၁၄ ရက်၊ ၂၈ ရက်နှင့် ၄၂ ရက်သက်တမ်းအသီးသီးပါဝင်သည့် အပ်ငွေလေလံစုစုပေါင်း (၁၂) ကြိမ် ခေါ်ယူခဲ့၍ တစ်ကြိမ်လျှင် ပျမ်းမျှကျပ် ၃၄၅ ဘီလီယံ နုတ်သိမ်းခဲ့ကာ ငွေကြေးမူဝါဒလုပ်ဆောင်ချက် ကုန်ကျစရိတ်အဖြစ် အပ်ငွေလေလံအတိုးစရိတ် ကျပ် ၆.၉၈ ဘီလီယံ ကျခံသုံးစွဲခဲ့ပါသည်။ အပ်ငွေလေလံတွင်အောင်မြင်သည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ပျမ်းမျှအတိုးနှုန်းများမှာ (၁၄)ရက်ကာလအတွက် ၂.၉၄ % နှင့် ၅.၇၉ %၊ (၂၈)ရက်ကာလအတွက် ၅.၀၂ % နှင့် ၆.၈၈ %၊ (၄၂)ရက်ကာလအတွက် ၄.၆၆ % နှင့် ၅ % အသီးသီးဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အဖြစ် ဘဏ်များမှအပဆက်သွယ်သူများ၏ စုစုပေါင်းအပ်နှံငွေ၏ ၅ % အား ငွေသားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဘဏ်များ၏စာရင်းရှင်စာရင်းတွင်ထားရှိရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလမှစ၍ ဘဏ်များမှ လိုက်နာဆောင်ရက်မှုအား စောင့်ကြည့်လျက်ရှိပါသည်။

## ၁.၄ သီးသန့်ငွေကြေးပမာဏအခြေအနေ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလအတွင်း သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်းအား ၁၅ % နှင့် ၂၃ % ထက်မပိုစေရန် ငွေကြေးပမာဏရည်မှန်းချက် ထားရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏနှင့် စုစုပေါင်းငွေကြေးပမာဏတို့၏ နှစ်အလိုက်တိုးတက်မှုနှုန်းများမှာ ၅ % နှင့် ၁၉ % အသီးသီးဖြစ်သဖြင့် ရည်မှန်းချက်ဘောင်အတွင်း ထားရှိဆောင်ရက်နိုင်ခဲ့ပါသည်။

**ဇယား (၄) ငွေကြေးပမာဏရည်မှန်းချက်နှင့် အမှန်အခြေအနေ**

| ငွေကြေးအခြေအနေ | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ | |
|---|---|---|---|
| | | ဧပြီ-ဇွန် | ဇူလိုင်-စက်တင်ဘာ |
| ငွေကြေးပမာဏတိုးနှုန်း | ရည်မှန်းချက် | ၂၃ % | ၂၃ % |
| | အမှန် | ၁၈ % | ၁၉ % |
| သီးသန့်ငွေကြေးရည်မှန်းချက် | ကျပ်ဘီလီယံ | ၁၉,၀၄၉ | ၁၉,၀၄၉ |
| | ရာခိုင်နှုန်း | ၁၅ % | ၁၅ % |
| အမှန်သီးသန့်ငွေကြေးပမာဏ | ကျပ်ဘီလီယံ | ၁၇,၇၇၁ | ၁၇,၃၂၇ |
| | ရာခိုင်နှုန်း | ၄ % | ၅ % |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### 1.3 Monetary Policy Framework and Implementation

The Central Bank of Myanmar stands as an independent central bank and pursues reserve money targeting monetary policy framework in order to achieve its core objective of maintaining domestic price stability according to the newly enacted Central Bank of Myanmar Law on July 11, 2013. Under this framework, Central Bank of Myanmar sets the money supply and reserve money targets and then manages closely those variables are stayed within the targeted bound in order to achieve projected economic growth at the reasonable inflation level by using monetary policy tools such as setting minimum reserve requirement ratio and conducting deposit auction / credit auction.

The Central Bank of Myanmar conducts deposit auction when call for sterilization for excess liquidity in the economy and conducts credit auction when call for injection for shortage liquidity in the economy indicated by the liquidity forecasting framework which makes judgment between forecasted and targeted monetary aggregates. In doing so, Central Bank of Myanmar is undertaking monetary stability.

The Central Bank of Myanmar has only conducted deposit auctions as monetary operation during April to September 2018 because of the necessity of slightly tight monetary policy due to its macroeconomic fundamentals. The Central Bank of Myanmar conducted 12 times of deposit auctions with the terms: 14 – day, 28 – day and 42 – day and sucked up average amount of kyat 345 billion at each time and used total interest charges kyat 6.98 billion for monetary operation during April to September 2018. The minimum and maximum average interest rate for successful bids in deposit auction varied from 2.94 % to 5.79 % for 14 days, from 5.02 % to 6.88 % for 28 days and from 4.66 % to 5 % for 42 days. Moreover, the Central Bank of Myanmar has applied the minimum reserve requirement as a monetary policy tool that is; banks have to maintain 5 % of total customer deposit as the minimum reserve requirement at Central Bank of Myanmar since April 2015.

### 1.4 Reserve Money

The Central Bank of Myanmar set the target (YoY) growth of reserve money and money supply to be not more than 15 % and 23 % at the end of September 2018 and maintained within that targeted level as the actual reserve money and money supply (YoY) growth were 5 % and 19 %, respectively.

**Table (4) Reserve Money Target and Actual Position**

| Monetary Condition | | 2018 April – Sept | |
|---|---|---|---|
| | | April – June | July – Sept |
| Broad Money Growth (YoY) | Target | 23 % | 23 % |
| | Actual | 18 % | 19 % |
| Reserve Money–Target | Kyat Billion | 19,049 | 19,049 |
| | Percentage | 15 % | 15 % |
| Reserve Money–Actual | Kyat Billion | 17,771 | 17,327 |
| | Percentage | 4 % | 5 % |

Source: Central Bank of Myanmar

သီးသန့်ငွေကြေးပမာဏအားပြောင်းလဲစေသည့် ကိန်းရှင်များအားလေ့လာပါက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလရှိ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ % တိုးတက်ခဲ့ပြီး၊ အသားတင်ပြည်တွင်းရရန်ပိုင်ခွင့်များသည် ၇ % ကျဆင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေမှာ နိုင်ငံပိုင်ဘဏ်များလက်ဝယ်တွင် အမေရိကန်ဒေါ်လာ ၉.၀၄ ဘီလီယံနှင့် ပုဂ္ဂလိကပိုင်ဘဏ်များလက်ဝယ်တွင် အမေရိကန်ဒေါ်လာ ၁.၀၉ ဘီလီယံ ကိုင်ဆောင်ထားပါသည်။ နိုင်ငံပိုင်ဘဏ်များလက်ဝယ်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉.၀၄ ဘီလီယံတွင် နိုင်ငံပိုင်မှာ ၅၇ % နှင့် ပုဂ္ဂလိကပိုင်မှာ ၄၃ % ဖြစ်ပါသည်။


**ဇယား (၅) သီးသန့်ငွေကြေးအခြေအနေ** (ကျပ်ဘီလီယံ)

| သီးသန့်ငွေနှင့် ယင်းအားပြောင်းလဲစေသောကိန်းရှင်များ | ၂၀၁၇-၂၀၁၈ (ဧပြီ-မတ်) | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ | |
|---|---|---|---|
| | | ဧပြီ-ဇွန် | ဇူလိုင်- စက်တင်ဘာ |
| **သီးသန့်ငွေကြေးပမာဏ** | ၁၈,၀၂၃ | ၁၇,၇၇၁ | ၁၇,၃၂၇ |
| ပြည်တွင်းလှည့်လည်သုံးစွဲငွေ | ၁၄,၁၈၄ | ၁၃,၀၄၂ | ၁၃,၆၅၂ |
| ဗဟိုဘဏ်ရှိစာရင်းရှင်အပ်ငွေများ | ၃,၈၃၈ | ၄,၇၂၉ | ၃,၆၇၅ |
| **သီးသန့်ငွေကြေးပမာဏအားပြောင်းလဲစေသည့်ကိန်းရှင်များ** | | | |
| အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ | ၆,၆၉၃ | ၇,၁၁၅ | ၈,၀၁၀ |
| အသားတင်ပြည်တွင်းရရန်ပိုင်ခွင့်များ | ၁၁,၃၂၉ | ၁၀,၆၅၆ | ၉,၃၁၇ |
| အစိုးရကဏ္ဍမှအသားတင်ရရန်ရှိငွေ | ၁၄,၃၃၈ | ၁၄,၀၃၄ | ၁၃,၆၆၂ |
| ငွေရေးကြေးရေးအဖွဲ့အစည်းများမှရရန်ရှိငွေ | ၇၈၀ | ၇၂၂ | ၈၀၁ |
| ဗဟိုဘဏ်မှပေးရန်တာဝန်များ | - ၃,၇၈၈ | - ၄,၁၀၀ | - ၅,၁၄၆ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်


သီးသန့်ငွေကြေးပမာဏတွင် လှည့်လည်သုံးစွဲငွေနှင့် ဘဏ်များ၏ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်ငွေတို့ ပါဝင်ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလကုန်တွင် သီးသန့်ငွေကြေးပမာဏ ကျပ် ၁၆,၅၆၂ ဘီလီယံရှိရာမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ် ၁၇,၃၂၇ ဘီလီယံသို့ ရောက်ရှိခဲ့သဖြင့် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၅ % ဖြစ်ခဲ့ပါသည်။ ၄င်းတွင် ပြည်တွင်းလှည့်လည်သုံးစွဲငွေ ၁၂ % တိုးမြင့်ခဲ့ပြီး၊ ဗဟိုဘဏ်ရှိစာရင်းရှင်အပ်ငွေများ ၁၅ % ကျဆင်းခဲ့ပါသည်။

ပုံ(၆) သီးသန့်ငွေကြေးပမာဏတွင်ပါရှိသည့်ငွေကြေးများပြပုံ




ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပုံ(၇) သီးသန့်ငွေကြေးပမာဏအားပြောင်းလဲစေသောကိန်းရှင်များပြပုံ




ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

Looking at the factors that affect reserve money, net foreign asset (NFA) significantly increased by 23 % while net domestic asset (NDA) decreased 7 % in September 2018 compared with previous year. Net foreign exchange reserve position were USD 9.04 billion in State Owned Banks and USD 1.09 billion in authorized dealer private banks. Out of USD 9.04 billion, 57 % were state owned foreign exchange reserves and the rest 43 % were private owned foreign exchange reserves.


**Table (5) Reserve Money Position** (Kyat in billion)

| Reserve Money and Its Affecting Factors | 2017-2018 (April – March ) | 2018 (April – Sept) | |
|---|---|---|---|
| | | April- June | July- Sept |
| Reserve Money | 18,023 | 17,771 | 17,327 |
| Currency in Circulation | 14,184 | 13,042 | 13,652 |
| Banks' Deposit at CENTRAL BANK OF MYANMAR | 3,838 | 4,729 | 3,675 |
| Factors Affecting Reserve Money | | | |
| Net Foreign Asset | 6,693 | 7,115 | 8,010 |
| Net Domestic Asset | 11,329 | 10,656 | 9,317 |
| Net Claims on Central Government | 14,338 | 14,034 | 13,662 |
| Claims on Deposit Money Banks | 780 | 722 | 801 |
| Other Items Net | -3,788 | -4,100 | -5,146 |

Source: Central Bank of Myanmar


The major components of Reserve Money are currency in circulation and banks' current account deposit at Central Bank of Myanmar. Reserve Money growth was 5 % and reached 17,327 billion kyat at the end of September 2018, up from 16,562 in September 2017 in which 12 % increased in currency in circulation and 15 % declined in banks' deposit at Central Bank of Myanmar, respectively.

**Chart (6) Components of Reserve Money**




Source: Central Bank of Myanmar

**Chart (7) Factors Affecting Reserve Money**





Source: Central Bank of Myanmar

## ၁.၅ ငွေကြေးဖောင်းပွမှု


၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ရှိ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၅.၉၄ % နှင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၈.၅၉ % ရှိသဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လရှိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄.၀၃ % နှင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၅.၄၂ % နှင့် နှိုင်းယှဉ်ပါက ငွေဖောင်းပွမှုနှုန်းများ မြင့်တက်ခဲ့ပါသည်။ ငွေဖောင်းပွမှုနှုန်း မြင့်တက်ရခြင်းမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (၆) လတာကာလအတွင်း ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်များကြောင့် ကုန်စည်စီးဆင်းမှုခက်ခဲပြီး၊ ကုန်စည်ဈေးနှုန်းများမြင့်တက်လာခြင်း၊ စက်သုံးဆီဈေးများမြင့်တက်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တဖြေးဖြေးမြင့်တက်လာပြီး၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပုံ(၈) ငွေကြေးဖောင်းပွမှုနှုန်းများပြပုံ (၂၀၁၂=၁၀၀)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ(၉) ငွေကြေးဖောင်းပွမှုနှုန်းပါ ကုန်စည်အုပ်စုများပါဝင်မှုပြပုံ (၂၀၁၂=၁၀၀)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့


## ၁.၆ အတိုးနှုန်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များလိုက်နာရန် (၁-၁-၂၀၁၂) ရက်နေ့မှစတင်၍ ဗဟိုဘဏ်အတိုးနှုန်း ၁၀ %၊ ဘဏ်များမှအပ်နှံငွေပေါ်တွင်ပေးရမည့် အနိမ့်ဆုံးအတိုးနှုန်း ၈ % နှင့် ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့်အမြင့်ဆုံးအတိုးနှုန်း ၁၃ % သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်းဆိုင်ရာ ဖြေလျှော့မှုများ (Interest Rate Liberalization) မှတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှခေါ်ယူလျက်ရှိသည့် အပ်ငွေဈေးပြိုင်စနစ်၏အတိုးနှုန်းအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဈေးကွက်မှသတ်မှတ်ချက်အတိုင်း စတင်ဆောင်ရက်ခဲ့ပါသည်။ ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်စနစ်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ အစိုးရငွေတိုက်စာချုပ်ဈေးပြိုင်စနစ်များအား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း စတင်ဆောင်ရက်ခဲ့ပြီး၊ အတိုးနှုန်းအား ဈေးကွက်မှသတ်မှတ်ချက်အတိုင်း ထားရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း အတိုးနှုန်းများအား တစ်ဖက်ပါဇယား (၆) တွင် ဖော်ပြထားပါသည်။

## 1.5 Inflation


At the end of September 2018, the annual average inflation and year on year inflation were 5.94 % and 8.59 %, respectively which had significantly increased compared with the annual average inflation 4.03 % and year on year inflation 5.42 % at the end of March 2018. These significant increases in inflation were due to the exchange rate depreciation, increase in fuel price and commodity price because of floods and natural disaster during 2018 interim period.

**Chart (8) Inflation Rate (2012=100)**




Source: Central Statistical Organization

**Chart (9) Food & non-food composition inInflation (2012=100)**




Source: Central Statistical Organization

## 1.6 Interest Rate

With effect from January 1, 2012, the Central Bank of Myanmar changed its central bank rate at 10 % per annum. Based on the central bank rate, all banks have to follow the minimum deposit rate at 8 % and the maximum lending rate at 13 %. The Central Bank of Myanmar allowed the market determined interest rate as one of the interest rate liberalization measures after removing the interest rate cap on deposit auction since December 2014. After collaboration with Ministry of Planning and Finance, Treasury bill auctions and Treasury bond auctions have been conducted with market determined rate since January 2015 and September 2016, respectively. Selected interest rates during April to September 2018 are shown in the table (6).

ဇယား (၆) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (၆)လတာကာလအတွင်း အတိုးနှုန်းများ(%)

| ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလ၏ အတိုးနှုန်းများ (%) | | |
|---|---|---|
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတိုးနှုန်း | | ၁၀ |
| အပ်ငွေအပေါ်အတိုးနှုန်း | | |
| ငွေစုဘဏ်အတိုးနှုန်း | | ၈ ~ ၁၀ |
| စာရင်းသေအပ်နှံငွေအတိုးနှုန်း | (၃ ) လ | ၈ ~ ၁၀ |
| | (၆ ) လ | ၈ ~ ၁၀ |
| | (၉ ) လ | ၈ ~ ၁၀ |
| ငွေစုလက်မှတ်အတိုးနှုန်း (၁၂)လ | | ၉ |
| အပ်ငွေလေလံပျမ်းမျှ အတိုးနှုန်း | (၁၄) ရက် | ၄.၅၁ |
| | (၂၈) ရက် | ၅.၉၄ |
| | (၄၂) ရက် | ၄.၈၉ |
| အစိုးရငွေတိုက်လက်မှတ်လေလံ ပျမ်းမျှအတိုးနှုန်း | (၃) လ | ၅.၂၁ |
| | (၆) လ | ၆.၄၅ |
| | (၁၂) လ | ၇.၅၆ |
| ငွေတိုက်စာချုပ်လေလံ ပျမ်းမျှအတိုးနှုန်း | (၂-၃) နှစ် | ၉.၅၉ |
| | (၃-၄) နှစ် | ၈.၀၉ |
| | (၄-၅) နှစ် | ၉.၂၃ |
| ချေးငွေပေါ်အတိုးနှုန်း | | |
| စီးပွားရေးလုပ်ငန်းချေးငွေ | | ၁၃ |
| စိုက်ပျိုးစရိတ်အထူးချေးငွေ | | ၈ |
| အသေးစားချေးငွေ | | ၃၀ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁.၇ ငွေလဲလှယ်နှုန်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကွာခြားမှုနည်းပါးစေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျမြင့်မားခြင်းအား ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံမှတစ်ဆင့် အမေရိကန်ဒေါ်လာအား ပုဂ္ဂလိကဘဏ်များသို့ ရောင်းဝယ်ဆောင်ရက်ပေးခြင်းဖြင့် ဈေးကွက်အား သွယ်ဝိုက်သော နည်းလမ်းဖြင့် လိုအပ်သလို ထိန်းကျောင်းဆောင်ရက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆)လတာကာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အနိမ့်ဆုံး ၁,၃၂၆ ကျပ်နှင့် အမြင့်ဆုံး ၁,၅၉၇ ကျပ် ဖြစ်ပေါ်ခဲ့၍ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁,၄၁၄ ကျပ် ရှိခဲ့ပါသည်။ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဧပြီလဆန်းတွင် ၁,၃၃၂ ကျပ် ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ၁,၅၆၀ ကျပ်ထိမြင့်တက်ခဲ့သဖြင့် (၆)လတာကာလအတွင်း မြန်မာကျပ်ငွေသည် ၁၇ % ခန့် တန်ဖိုးကျဆင်းခဲ့ပါသည်။ ကျပ်ငွေတန်ဖိုးကျဆင်းရခြင်းမှာ ကုန်သွယ်မှုလိုငွေမြင့်မားခြင်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုး အားကောင်းခိုင်မာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလ (၆)လတာကာလအတွင်း နိုင်ငံခြားငွေဈေးပြိုင်လေလံတွင် ဗဟိုဘဏ်မှပုဂ္ဂလိကဘဏ်များသို့ စုစုပေါင်းရောင်းချမှု အမေရိကန်ဒေါ်လာ ၁၄.၈၇ သန်းနှင့် ဗဟိုဘဏ်မှ စုစုပေါင်းဝယ်ယူမှု အမေရိကန်ဒေါ်လာ ၃၁.၁၃ သန်း ရှိခဲ့သဖြင့် အသားတင်ဝယ်ယူမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆.၂၆ သန်း ရှိခဲ့ပါသည်။

Table (6) Interest Rates (2018 April – September) (Percentage)


| Percentage Selected Interest rates | | 2018 April – September |
|---|---|---|
| Central Bank Discount Rate (%) | | 10 |
| Deposit Rate | | |
| Saving Account rate | | 8~ 10 |
| Fixed Deposits Rate (%) | 3 Months | 8~ 10 |
| | 6 Months | 8~ 10 |
| | 9 Months | 8~ 10 |
| Saving Certificates Rate (12 Months) | | 9 |
| Deposit Auction | (14) Days | 4.51 |
| | (28) Days | 5.94 |
| | (42) Days | 4.89 |
| Treasury Bill | 3 Months | 5.21 |
| | 6 Months | 6.45 |
| | 12 Months | 7.56 |
| Treasury Bond | (2–3) Years | 9.59 |
| | (3–4) Years | 8.09 |
| | (4–5) Years | 9.23 |
| Lending rate | | |
| Working Capital Loans | | 13 |
| Agricultural Loans to farmers | | 8 |
| Small Personal Loans | | 30 |

Source: Central bank of Myanmar

## 1.7 Exchange Rates


The Central Bank of Myanmar is standing ready to intervene by dealing United States dollar through foreign exchange auction to facilitate the smooth transactions in the foreign exchange market, to foster convergence among existing exchange rates and to avoid redundant of exchange rate volatility. During the 2018 interim period, the highest and lowest reference exchange rates were 1,326 kyat and 1,597 kyat, respectively and average exchange rate was 1,414 kyat. The reference exchange rate had depreciated by 17 % during the 2018 April to September since the exchange rate went up to 1,560 kyat in September 2018 from 1.332 kyat in April 2018. The reasons of Myanmar kyat depreciation were due to the reduction current account deficit and strengthened US dollar. The Central Bank of Myanmar had sold USD 14.87 million and purchased USD 31.13 million, thus net purchased amount was USD 16.26 million with authorized dealer banks at foreign exchange auction during 2018 interim period.

ပုံ (၁၀) ငွေလဲလှယ်နှုန်းများကြား ကွာဟချက်ပြပုံ





ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပုံ (၁၁) ငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်မှရောင်း/ဝယ်မှုပြပုံ





ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပုံ(၁၂) နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျအခြေအနေပြပုံ




ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပုံ(၁၃) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းနှင့် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်းများပြပုံ





ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆)လတာကာလအတွင်း ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ ကွာဟချက်မှာ အမြင့်ဆုံး ၃ % ထိ ရှိခဲ့သော်လည်း အများအားဖြင့် ၂ % အောက် ရှိခဲ့ပါသည်။ ငွေလဲလှယ်နှုန်းများ၏ နေ့စဉ်ပြောင်းလဲမှုမှာလည်း အများအားဖြင့် ၁ % အောက် ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာကျပ်ငွေတန်ဖိုးသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate – NEER) အရ ၈ % တန်ဖိုးကျဆင်းခဲ့ပြီး၊ ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate – REER) အရ ၅ % တန်ဖိုးကျဆင်းခဲ့ပါသည်။


မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ကုန်သွယ်ဖက်နိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်မားသဖြင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်းအရ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်းကဲ့သို့ မြင့်မားမှု မရှိကြောင်း တွေ့ရှိရပါသည်။

Chart-10 Gaps between Exchange Rates





Source: Central Bank of Myanmar

Chart-11 Exchange Rates and Central Bank Intervention





Source: Central Bank of Myanmar

Chart-12 Exchange Rate Volatility




Source: Central Bank of Myanmar

Chart-13 Nominal Effective Exchange Rate (NEER) and Real Effective Exchange Rate (REER)




Source: Central Bank of Myanmar

In 2018 interim period, the maximum gaps between reference and market exchange rate were 3 %, although most of the gaps were within 2 % level. Daily volatility of exchange rates was mostly within 1 %.

Analyzing the nominal and real effective exchange rate (NEER and REER) which is identified the external price competitiveness among major trading partner countries, NEER and REER showed that Kyat had depreciated by 8 % and 5 %, respectively in September 2018 compared with previous year.

In this context, competitiveness against its trading partner countries moderately increased according to NEER and REER analysis, however there was less significant competitiveness with REER analysis due to the high inflation compared with the trading partner countries in 2018 interim period.

**ဇယား (၇) ကုန်သွယ်မှုအလေးပေး NEER နှင့် REER ညွှန်ကိန်းများ (၂၀၁၂ ဇူလိုင်လ=၁၀၀)**

| နှစ် | လ | NEER | REER | ပျမ်းမျှရည်ညွှန်းငွေလဲလှယ်နှုန်း အမေရိကန်တစ်ဒေါ်လာ/မြန်မာကျပ် |
|---|---|---|---|---|
| ၂၀၁၇ | စက်တင်ဘာ | ၇၀.၂၄ | ၈၇.၀၉ | ၁၃၅၈ |
| ၂၀၁၈ | စက်တင်ဘာ | ၆၃.၀၅ | ၈၃.၃၄ | ၁၅၅၂ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အစီရင်ခံကာလအတွင်း အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ခြင်းကြောင့် ဒေသတွင်းနိုင်ငံများ၏ ငွေကြေးတန်ဖိုး များနည်းတူ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ကြောင်း အောက်ပါဇယား (၈) တွင် တွေ့ရပါသည်-

**ဇယား (၈) နိုင်ငံများ၏ငွေကြေးတန်ဘိုး ကျဆင်းမှု/ မြင့်တက်မှု**

| ရွေးချယ်ထားသည့် နိုင်ငံများ၏ငွေကြေးများ | ငွေကြေးတန်ဘိုးကျဆင်းမှု (%) |
|---|---|
| ဗြိတိန် (ပေါင်) | ၇ |
| မလေးရှား(ရင်းဂင်းစ်) | ၇ |
| မြန်မာ(ကျပ်) | ၁၇ |
| ယူရို | ၆ |
| တရုတ် (ယွမ်) | ၁၀ |
| စင်ကာပူဒေါ်လာ | ၄ |
| ဂျပန် (ယန်း) | ၇ |
| တောင်ကိုရီးယား(ဝမ်) | ၅ |
| ထိုင်း (ဘတ်) | ၄ |
| အိန္ဒိယ (ရူပီး) | ၁၁ |

ဇာစ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**Table (7) Trade Weighted NEER and REER Indices (2012 July = 100)**

| Year | Month | NEER | REER | Average Reference Exchange Rate (USD/MMK) |
|---|---|---|---|---|
| 2017 | September | 70.24 | 87.09 | 1,358 |
| 2018 | September | 63.05 | 83.34 | 1,552 |

Source: Central Bank of Myanmar

The following table (8) shows that Myanmar currency (kyat) including regional currencies had depreciated during the reporting period due to the strengthenedUnited State Dollar.

**Table (8) Depreciation/Appreciation of the Currencies of Selected Countries**

| Currencies of Selected Countries | Depreciation (%) |
|---|---|
| British Pound | 7 |
| Malaysia Ringgit | 7 |
| Myanmar Kyat | 17 |
| Euro | 6 |
| Chinese Yuan | 10 |
| Singapore Dollar | 4 |
| Japanese Yen | 7 |
| South Korean Won | 5 |
| Thai Baht | 4 |
| India Rupee | 11 |

Source: Central Bank of Myanmar

# အပိုင်း (၂)

# ဘဏ်လုပ်ငန်းဆိုင်ရာဆောင်ရက်ချက်များ

# Part (II)

# OPERATIONS OF THE BANK

## ၂.၁ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချခြင်း

၁၉၉၃ ခုနှစ်မှစ၍ (၃)နှစ်နှင့် (၅)နှစ် အစိုးရငွေတိုက်စာချုပ်များကို အစိုးရကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေရောင်းချခဲ့ပါသည်။ ထို့ပြင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထုနှင့် ဘဏ်များ၏ ကာလတို ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရန် (၂)နှစ်သက်တမ်းရှိသော အစိုးရငွေတိုက်စာချုပ်အမျိုးအစားများကို (၁.၁.၂၀၁၀) ရက်နေ့မှ စတင်၍ ထုတ်ဝေရောင်းချခဲ့ပါသည်။

ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ပါဝင်သည့် ပုဂ္ဂလိကဘဏ်များသည် ငွေဖြစ်လွယ်သည့်ရရန်ပိုင်ခွင့်နှင့် သီးသန့် ငွေလိုအပ်ချက်ထည့်သွင်းတွက်ချက်နိုင်ရန်အတွက် အစိုးရငွေတိုက်စာချုပ်များကို အဓိကဝယ်ယူရင်းနှီးမြှုပ်နှံကြပါသည်။ ၎င်း စာချုပ်များအပေါ် အတိုးနှုန်းများမှာ (၁.၁.၂၀၁၂) ရက်နေ့မှစ၍ (၁)နှစ်လျှင် (၂)နှစ်သက်တမ်းစာချုပ်အပေါ် (၈.၇၅ %)၊ (၃)နှစ် သက်တမ်းစာချုပ်အပေါ် (၉ %) နှင့် (၅)နှစ်သက်တမ်းစာချုပ်အပေါ် (၉.၅ %) ဖြစ်ပါသည်။

## ၂.၂ အစိုးရငွေတိုက်လက်မှတ်များအား လေလံစနစ်ဖြင့် ထုတ်ဝေရောင်းချခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ချုပ်ဆိုခဲ့သည့် အစိုးရငွေချေးသက်သေခံလက် မှတ်များဆိုင်ရာသဘောတူစာချုပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ကိုယ်စားလှယ် အဖြစ် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေရောင်းချလျက်ရှိပါသည်။ အစိုးရငွေချေးသက်သေခံလက်မှတ် ထုတ်ဝေမှုအား နိုင်ငံတကာအဆင့်နှင့်အညီဖြစ်စေရန် (၂၈.၁.၂၀၁၅) ရက်နေ့မှစ၍ အစိုးရငွေတိုက်လက်မှတ်များကို Scripless ပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လေလံစနစ်ဖြင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ ရောင်းချခဲ့ပါသည်။ T–Bill Auction (၁၁) ကြိမ်မှစ၍ Competitive Bidder များအတွက် Multiple Price စနစ်ဖြင့်လည်းကောင်း၊ Non–Competitive Bidder များအတွက် Market Weighted Average Yield ဖြင့်လည်းကောင်း ဆောင်ရက်လျက်ရှိပါသည်။ Auction နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြစ်သော Auction Calendar များ၊ Auction Announcement များနှင့် Auction Result တို့ကို အများပြည်သူသိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် ကြေငြာပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) အစိုးရငွေတိုက်လက်မှတ်များကို လေလံစနစ်ဖြင့် လစဉ်ရောင်းချခဲ့ရာ Auction (၁၁) ကြိမ် ဆောင်ရက်ခဲ့ပြီး၊ စုစုပေါင်းကျပ်သန်းပေါင်း ၄,၃၁၃,၀၀၀ ရောင်းချခဲ့ပါသည်။ ယခင်နှစ် (၆) လဖြင့် နှိုင်းယှဉ်ပါက ကျပ်သန်းပေါင်း ၁,၉၃၆,၀၀၀ တိုးတက်လာပါသည်။

## ၂.၃ အစိုးရငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် ထုတ်ဝေရောင်းချခြင်း

(၂၀.၉.၂၀၁၆) ရက်နေ့မှစ၍ အစိုးရငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ် များ၊ နိုင်ငံခြားဘဏ်များ၊ Securities ကုမ္ပဏီများသို့ တိုက်ရိုက်ရောင်းချပြီး၊ အာမခံကုမ္ပဏီများအား မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့အား မြန်မာငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှတစ်ဆင့် ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချရာတွင် Competitive Bidder များအတွက် Multiple Price စနစ်ဖြင့်လည်းကောင်း၊ Non–Competitive Bidder များအတွက် Market Weighted Average Yield ဖြင့်လည်းကောင်း ဆောင်ရက်ပြီး၊ Auction နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များဖြစ်သော Government Securities Auction Procedure၊ Auction Calendar များ၊ Auction Announcement နှင့် Auction Result တို့ကို အများပြည်သူသိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် ကြေငြာပါသည်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) အစိုးရငွေတိုက်စာချုပ်များကို လေလံစနစ်ဖြင့် လစဉ်ရောင်းချခဲ့ရာ Auction (၆) ကြိမ် ဆောင်ရက်ခဲ့ပြီး၊ စုစုပေါင်းကျပ်သန်းပေါင်း ၁,၇၈၉,၉၆၀ ရောင်းချခဲ့ပါသည်။ ယခင်နှစ် (၆) လဖြင့် နှိုင်းယှဉ်ပါက ကျပ်သန်းပေါင်း ၁,၁၀၉,၄၁၀ တိုးတက်လာပါသည်။

## 2.1 Issuing Government Treasury Bonds

On behalf of the Government, the Central Bank of Myanmar has issued 3-year and 5-year Government Treasury Bonds since 1993. Furthermore, in order to develop the Capital Market and to promote the short-term investment of the public and banks, the Central Bank of Myanmar has issued 2-year Government Treasury Bonds starting from January 1, 2010.

The Private Banks which include in financial institutions are the main investors of the Government Treasury Bonds to be treated as reserve requirement and liquid asset. The interest rates of 2-year, 3-year and 5-year Government Treasury Bonds are 8.75 percent, 9 percent and 9.5 percent per annum respectively with effect from January 1, 2012.

## 2.2 Issuance of Government Treasury Bills by Auction

According to the Agency Agreement between Ministry of Planning and Finance and Central Bank of Myanmar, Central Bank of Myanmar is acting as an agent of the Ministry of Planning and Finance for the issuance of Government Securities. Central Bank of Myanmar has launched Treasury Bill Auctions by transforming to scripless system in line with international standard on January 28, 2015 and sold to state own banks and private banks. From 11$^{th}$Auction, the pricing system of Treasury Bill Auctions was changed to multiple pricing systems from single pricing system. Multiple price system has been applied for Competitive bidder and Market Weighted Average Yield has been applied for Non-Competitive bidder. All information related auctions including auction calendars, auction announcements, auction results and related documents are uploaded on the website of the Central Bank of Myanmar.

For 2018 (April to September), total issuance of Government Treasury Bill recorded Kyat 4,313,000 million by 11 auctions, in the review year for (6) months in comparison to a surplus of Kyat 1,936,000 million in the previous year.

## 2.3 Issuance of Government Treasury Bonds by Auction

Since September 20, 2016 Treasury Bonds were sold to state own banks, private banks, foreign banks and securities companies by auction system. Insurance companies can purchase via Myanmar Economic Bank and Securities companies, individual investors and institutional investors can purchase via Myanmar Securities Exchange Centre Co.,Ltd. Treasury Bond Auction has been practiced multiple price system for competitive bidders and Market Weighted Average Yield for Non-Competitive bidders. All information related auction including Government Securities Auction Procedure, auction calendars, auction announcements, auction results and related documents are uploaded on the website of the Central Bank of Myanmar.

For 2018 (April to September), total issuance of Government Treasury Bond recorded Kyat 1,789,960 million by 6 auctions, in the review year for (6) months in comparison to a surplus of Kyat 1,109,410 million in the previous year.

## ၂.၄ ဘဏ်များအကြား ငွေကြေးဈေးကွက် အကောင်အထည်ဖော်ဆောင်ရက်ခြင်း

ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘဏ်၏ငွေဖြစ်လွယ်မှုစီမံခန့်ခွဲခြင်းကို အထောက်အကူဖြစ်စေရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်အချင်းချင်းငွေချေးခြင်းနှင့် အပ်နှံငွေထားရှိခြင်းကို အာမခံဖြင့်လည်းကောင်း၊ အာမခံမဲ့ဖြင့်လည်းကောင်း ဆောင်ရက်ခြင်းနှင့် နိုင်ငံခြားငွေကြေးဖြင့် ချေးယူ/ချေးငှားခြင်း၊ FX Spot ၊ FX Forward နှင့် FX Swap များဆောင်ရက်ခြင်းကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ဆောင်ရက်ခွင့်ပြုခဲ့ပါသည်။ ထိုသို့ဆောင်ရက်ခွင့်ပြုခြင်း အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားချက် (၂) ခုကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နှစ်ဦးနှစ်ဘက်ပြန်လည်ဝယ်ယူရန် သဘောတူညီချက်အရ လုပ်ဆောင် ချက်များ (RepoTransaction) ကို ဆောင်ရက်ခွင့်ပြုခဲ့ပြီး ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။

## ၂.၅ ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရက်ချက်များ

မြန်မာနိုင်ငံတွင် ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရယ်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Japan-ASEAN Fund for the Technical Assistance (JAFTA) အထောက်အပံ့ဖြင့် ဂျပန်နိုင်ငံ၊ ဒိုင်ဝါသုတေသနအဖွဲ့မှ အတိုင်ပင်ခံ ပုဂ္ဂိုလ် (၂) ဦးမှ မြန်မာနိုင်ငံ၏ ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာအကူအညီအား ဆောင်ရက် ခဲ့ရာ ၂၀၁၁ ခုနှစ်၊ ဇွန်လမှ ၂၀၁၂ ခုနှစ်၊ မေလအထိ နည်းပညာအကူအညီပထမအဆင့်အားလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဇွန်လမှ ၂၀၁၄ ခုနှစ်၊ မေလအထိ နည်းပညာအကူအညီ ဒုတိယအဆင့်အားလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ နည်းပညာအကူအညီ တတိယအဆင့်အားလည်းကောင်း ဆောင်ရက်ခဲ့ပါသည်။

## ၂.၆ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရက်ချက်များ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့ဝင်ဖြစ်သည်နှင့်အညီ အာရှဗဟို ဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ နီပေါနိုင်ငံတွင်ကျင်းပခဲ့သည့် (၄၇) ကြိမ်မြောက် အစီယူဒါရိုက်တာအဖွဲ့အစည်း အဝေးနှင့် နည်းပညာကျွမ်းကျင်မှုကော်မတီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ပါသည်။ အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များသည် အစီယူစနစ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်း ငွေကြေးများသုံးစွဲနိုင်ရေး၊ အစီယူစနစ်တွင် ထိရောက်၍အဆင်ပြေမှုရှိသော ငွေပေးချေမှုစနစ် ဖြစ်စေရန်အတွက် လိုအပ် သောနည်းလမ်းများချမှတ်နိုင်ရေး၊ အစီယူစနစ် ချဲ့ထွင်အသုံးပြုနိုင်ရေး၊ အားကောင်းခိုင်မာမှုရှိစေရေးနှင့် Cyber Security ဆိုင်ရာ ကောင်းမွန်စွာဆောင်ရက်ထားရှိရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

Chiang Mai Initiative Multilateralisation (CMIM) စာချုပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အာဆီယံ+၃ နိုင်ငံများမှ ဗဟိုဘဏ်များနှင့် CMIM SWAP Facility ဆောင်ရက်နိုင်ရန်အတွက် ပြည်တွင်းသုံးငွေကြေးစာရင်းများ အပြန်အလှန် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် International Monetary Fund (IMF)၊ Asian Development Bank (ADB)၊ International Bank for Reconstruction and Development (IBRD)၊ International Development Association (IDA) နှင့် The South East Asian Central Banks (SEACEN) အဖွဲ့များ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ စာရင်းဌာနသည် အဆိုပါအဖွဲ့အစည်းများနှင့် နိုင်ငံတော်ထည့်ဝင်ကြေးကိစ္စရပ်များ၊ နိုင်ငံတော်ချေးငွေပြန်လည်ပေးဆပ်မှုများ၊ စာရင်းလွှဲပြောင်းပေးမှုများစသည့် စာရင်းပိုင်း ဆိုင်ရာတို့ကို အကောင်အထည်ဖော်ဆောင်ရက်လျက်ရှိပါသည်။

## 2.4 Implementation Interbank Market

To support the development of the banking sector and facilitate management of liquidity, Central Bank of Myanmar has allowed interbank market deposit, and lending / borrowing in Myanmar Kyat in collateralized and uncollateralized forms, and foreign currency lending, borrowing, FX spot, FX forward and FX swap in January 2016. In April 2016, Central Bank of Myanmar promulgated two instructions for interbank lending, borrowing, deposit and interbank FX transactions. In December 2017, Central Bank of Myanmar has allowed Repo transactions in interbank market and promulgated instruction for Repo transaction.

## 2.5 Activities of Bond Market Development

Regarding the development of Bond Market, under the ASEAN Bond Market Initiative (ABMI) program, with the assistance from the Japan – ASEAN Fund for the Technical Assistance (JAFTA), the ASEAN Secretariat assigned consultants of Daiwa institute of Research (DIR), Japan to provide T.A for development of bond market in Myanmar. T.A Phase I was implemented from June, 2011 to May 2012, and T.A Phase II was also implemented from June 2013 to May 2014. T.A Phase III was also implemented from July 2015 to November 2016.

## 2.6 Activities with International Organizations

As one of the members of Asian Clearing Union (ACU), Governor of the Central Bank of Myanmar and delegates attended 47$^{th}$ ACU Board of Directors Meeting and Standing Technical Committee Meeting which was held in Nepal. In the meeting, the discussions included issues relating to the use of domestic currency in ACU mechanism, the implementation of web-based application, required measures for efficient and smooth settlement in ACU mechanism, promoting of ACU trade, expanding and strengthening the ACU platform as well as protecting Cyber Security.

Under the Chiang-Mai Initiative Multilateralisation Agreement, the Central Bank of Myanmar has opened bilateral local currency accounts with all central banks of the ASEAN+3 countries for the CMIM SWAP Facility purpose.

Additionally, as the member of the IMF, Asian Development Bank (ADB), International Bank for Reconstruction and Development (IBRD), International Development Association (IDA) and the South East Asian Central Banks (SEACEN), the Accounts Department operates transactions with those organizations regarding the state's contributions, repayment of State's loans and accounts transfers.

## ၂.၇ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်ကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်တင်ပြခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ဘဏ္ဍာရေးနှစ်သစ် (အောက်တိုဘာလ (၁)ရက်မှ စက်တင်ဘာလ (၃၀)ရက်ထိ) သို့ ကူးပြောင်းနိုင်ရန်အတွက် (၆) လ ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁ ) ရက်နေ့မှ စက်တင်ဘာ (၃၀) ရက်နေ့အထိ ဘဏ္ဍာနှစ်ကို (၁၂) လ ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၇–၂၀၁၈ နှင့် နှိုင်းယှဉ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စက်တင်ဘာ (၃၀)ရက်နေ့အထိ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသားတင်ဝင်ငွေစုစုပေါင်းမှာ ကျပ်သန်း (၃၇၄,၀၂၅.၆၆) ဖြစ်ပြီး၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်၏ အသားတင်ဝင်ငွေမှာ ကျပ်သန်း (၆၃၇,၁၈၅.၇၂) ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက (၄၁.၃၀ %) လျော့နည်းပါသည်။ ထိုသို့ လျော့နည်းရခြင်းမှာ (၆)လဘဏ္ဍာနှစ်ကိုသာ ပိတ်သိမ်းရခြင်းကြောင့်ဖြစ်ပြီး၊ အဓိကအားဖြင့် နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုမှ အတိုးရငွေနှင့် ချေးငွေအပေါ်မှ အတိုးရငွေများ လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ စက်တင်ဘာ (၃၀)ရက်နေ့အထိ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသုံးစရိတ်စုစုပေါင်းမှာ ကျပ်သန်း (၅၅,၁၉၄.၈၁) ဖြစ်ပြီး၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အသုံးစရိတ်စုစုပေါင်းမှာ ကျပ်သန်း (၁၀၉,၅၄၈.၉၁) ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက (၄၉.၆၂ %) လျော့နည်းပါသည်။ ထိုသို့ လျော့နည်းရခြင်းမှာ (၆)လဘဏ္ဍာနှစ်ကိုသာ ပိတ်သိမ်းရခြင်းကြောင့်ဖြစ်ပြီး၊ အဓိကအားဖြင့် ငွေစက္ကူရိုက်နှိပ်ခနှင့် ပုဂ္ဂလိကဘဏ်များမှ အပ်နှံငွေအပေါ် အတိုးပေးရငွေများ လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၂.၈ ဘဏ်အချင်းချင်းစာရင်းရှင်းလင်းခြင်း

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဘဏ်အချင်းချင်း ချက်လက်မှတ်စာရင်းရှင်းလင်းခြင်းစနစ်တွင် ငွေရေးကြေးရေးအဖွဲ့ဝင်ဘဏ်များအဖြစ် နိုင်ငံပိုင်ဘဏ်များ ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ဘဏ်ခွဲများပါဝင်ပြီး နေပြည်တော်တွင် ဘဏ် (၂၀)၊ ရန်ကုန်ဘဏ်ခွဲတွင် (၄၄) ဘဏ် ၊ မန္တလေးဘဏ်ခွဲတွင် (၂၁) ဘဏ်တို့ ပါဝင်ဆောင်ရက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ချက်လက်မှတ်စောင်ရေပေါင်း (၃၇၉,၈၇၁) စောင်နှင့် ငွေပမာဏ ကျပ်ဘီလီယံ (၁၈,၅၈၄.၁၉) အား စာရင်းရှင်းလင်းပေးနိုင်ခဲ့ပါသည်။

## ၂.၉ အစိုးရ၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရက်ပေးခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ဗဟိုဘဏ်သည် အစိုးရစာရင်းများအား ထိန်သိမ်းရပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများစာရင်း (၅၆) ခု၊ အခြားစာရင်း (၇၂) ခုနှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏စာရင်း (၁၇၃) ခုတို့၏ ဝင်ငွေနှင့် အသုံးစရိတ်စာရင်းများအား ပြုစုရပါသည်။ ထိုစာရင်းများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနသို့ ပေးပို့ရပါသည်။

## ၂.၁၀ ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကလုပ်ငန်းတာဝန်များအနက် တစ်ခုမှာ ဘေးကင်းလုံခြုံ မြန်ဆန်အားထားရသော ငွေပေးချေမှုစနစ်ကို ထူထောင်ရန်ဖြစ်သည့်အတိုင်း ဗဟိုဘဏ်သည် ငွေပေးချေမှုဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ ပြည်သူများ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ ငွေကြေးကိုင်တွယ်မှုလျော့ချရေးနှင့် လက်ရှိ ငွေပေးချေမှုစနစ်ကို အဆင့်မြှင့်တင်ရန်အတွက် ချက်လက်မှတ်များအသုံးပြု ငွေပေးချေခြင်း၊ နိုင်ငံတကာကတ်များကို ပြည်တွင်းတွင် အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များ၏ကတ်များကို နိုင်ငံတကာတွင် အသုံးပြုနိုင်ရန်အတွက် ဆောင်ရက်ခဲ့ပြီးဖြစ်ပါသည်။

## 2.7 Performance in comparison with the previous year

After the current fiscal year ended on March 31, 2018, Central Bank of Myanmar has a short fiscal year of six months from April 1, 2018 to September 30, 2018 to alter the new fiscal year from 1st October to 30th September and that compared to previous fiscal year 2017–2018 (12–months).

In the short fiscal year of six months from April 1, 2018 to September 30, 2018, total comprehensive income of the Central Bank of Myanmar reached Kyat (374,025.66) in million and in the FY 2017–2018, total comprehensive income of the Central Bank of Myanmar reached Kyat (637,185.72) in million, registering (41.30 %) decreased compared to previous year 12–months. This was reflected by income for interest on foreign currency investment and Loan to banks.

In the short fiscal year of six months from April 1 , 2018 to September 30, 2018, total expenses of the Central Bank of Myanmar spent kyat (55,194.81) in million and in the FY 2017–2018, total expenses spent kyat (109,548.91) in million, (49.62 %) decreased compared to previous year 12–month. This was reflected by decreased on printing of notes cost and interest expense on deposit auction from the private banks.

## 2.8 Clearing Settlement

In the Semi financial Year 2018, from April to September, the value of cheque clearing was kyat (18,584.19) in billion and the number of cheques stood (379,871) participated by state owned banks ၊ private banks and foreign bank branches. There are (20) member banks in Nay Pyi Taw, (44) member banks in Yangon Branch and (21) member banks in Mandalay Branch.

## 2.9 Acting as Agent of the Government

In accordance with the Central Bank of Myanmar law, the Central Bank of Myanmar maintains the Government Accounts and makes payment and accepts deposit of (56) State Economic Enterprises, (72) Other Accounts and (173) Ministries and Departments on behalf of the Government and sends these accounts to the Treasury Department of the Ministry of Planning and Finance.

## 2.10 Activities on the Development of Payment System

The Central Bank of Myanmar has laid down the policies to develop efficient, fast, safe and reliable National Payment System as its main responsibility. To reduce cash payment and to promote Payment System, Cheque Clearing Settlement, International cards for domestic uses and domestic cards for worldwide use has been able to be implemented and conducted.

ပိုမို၍ လုံခြုံစိတ်ချထိရောက်မှုရှိသော ငွေပေးချေမှုကွန်ယက်အဆောက်အအုံ တည်ဆောက်နိုင်ရန်အတွက် JICA အကူအညီဖြင့် Project for Modernizing the Funds Payment and Securities Settlement Systems in Myanmar ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ အကျိုးကျေးဇူးအားဖြင့် Large Value Payment များအတွက် အချိန်နှင့်တစ်ပြေးညီစာရင်းရှင်းလင်းခြင်းစနစ် (Real Time Gross Settlement System) နှင့် ချက်လက်မှတ်စာရင်းရှင်းလင်းမှုစနစ် (Mechanized Clearing House) တို့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့မှစတင်၍ အသုံးပြုဆောင်ရွက်နိုင်ခဲ့ပါသည်။

လက်ရှိဆောင်ရွက်လျက်ရှိသည့် CENTRAL BANK OF MYANMAR – NET System အား နိုင်ငံတကာအဆင့်မီဖြင့်တင်နိုင်ရန်နှင့် အာဆီယံဒေသတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအသင့်အနေအထားသို့ ရောက်ရှိစေရန်အတွက် CENTRAL BANK OF MYANMAR – NET System Second Phase ကို JICA အထောက်အပံ့ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ်တွင် go–live ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ငွေပေးချေမှုများ မြန်ဆန်အဆင်ပြေလွယ်ကူမှုရှိစေရန်နှင့် User များ၊ Payment Service Provider များနှင့် Merchant များ စရိတ်သက်သာစေရန်အတွက် ငွေပေးချေမှုပုံစံသစ်ဖြစ်သည့် QR Code ပေးချေမှုများ တစ်ပြေးညီဖြစ်စေရန် ရည်ရယ်၍ National Standard for QR Code သတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဦးဆောင်၍ ဘဏ်များ၊ International Card Scheme များ၊ Mobile Financial Service Provider များပူးပေါင်း၍ Technical Committee နှင့် Governance Committee တို့ဖွဲ့စည်းခဲ့ပြီး MMQR Specification Version 1.0 ကို ဘဏ်များက လိုက်နာဆောင်ရွက်နိုင်အောင် ဆောင်ရွက်ခဲ့ပါသည်။

Payment Sector တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် Large Value Payment များသာမက Retail Payment, Cross–border Payment နှင့် Government Payment တို့ ဖွံ့ဖြိုးတိုးတက်စေရန် National Payment Strategy (2019–2024) အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် World Bank ၏ နည်းပညာအကူအညီ ရယူဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ငွေပေးချေမှုနှင့်စပ်လျဉ်း၍ ထုတ်ပြန်ရန်လိုအပ်လျက်ရှိသော ငွေပေးချေမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ Payment System Regulations ရေးဆွဲနိုင်ရန်အတွက်လည်း World Bank ၏ နည်းပညာအကူအညီ ရယူဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်အတွင်းရှိငွေကြေးပမာကို ရည်မှန်းချက်ဘောင်အတွင်းရရှိစေရန်ရည်ရယ်၍ စီးပွားရေးစနစ်၏ Liquidity Forecasting ကို တွက်ချက်ခန့်မှန်းပြီးနောက် စီးပွားရေးစနစ်အတွင်းမှ ကျပ်ငွေများထုတ်နှုတ်ပေးရန်လိုအပ်ပါက ထုတ်နှုတ်ပေးနိုင်ရေးအတွက် မြန်မာကျပ်ငွေဖြင့် Deposit Auction ခေါ်ယူခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ Deposit Auction (၁၂) ကြိမ် ခေါ်ယူခဲ့ပြီး ဈေးကွက်အတွင်းမှ ကျပ်ငွေ (၄,၁၃၇) ဘီလီယံကို ထုတ်နှုတ်နိုင်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund –IMF) အကူအညီဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံသည့်စနစ်အား International Financial Reporting Standard (IFRS) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

To be able to build up safe, reliable and efficient payment network infrastructure, Project for Modernizing the Funds Payment and Securities Settlement System in Myanmar has been implemented with JICA Grant Aid since Feb, 2014. As a result, CENTRAL BANK OF MYANMAR –NET System (Real Time Gross Settlement System) and Mechanized Clearing House (MCH) was able to be launched since January 5, 2016.

To upgrade current CENTRAL BANK OF MYANMAR –NET System in line with international standards and to be ready for linkage in ASEAN Region, the Project of CENTRAL BANK OF MYANMAR –NET System Phase II has been currently implementing with JICA Grant Aid and the targeted timeline of Phase II Project will be October, 2020.

For the purpose of facilitating fast, easy, convenient and cost–saving for user, Payment Service Providers and Merchants, the Technical Committee and Governance Committee composing of Banks, International Card Schemes and Mobile Financial Service Providers leading by the Central Bank of Myanmar has been discussing and conducting to set National Standard for QR Code for QR Code Payment, new innovative Payment. MMQR Specification Version (1.0) can be defined to be followed by Banks, International Card Schemes and Mobile Financial Service Providers.

It is also important to accomplish harmonized development of all Large Value Payment, Retail Payment, Cross–border Payment and Government Payment to achieve the progress in the whole Payment Sector. In order to do so, National Payment Strategy (2019–2024) has been drawn up with the technical assistance of World Bank. Moreover, it is also implementing to be able to lay down necessary Payment System Rules and Regulations.

With the aim of targeting monetary policy, Central Bank of Myanmar conducts Deposit Auction (MMK) for fund absorption from ecosystem with multiple interest rates by estimating liquidity forecasting. In the Semi–Financial Year 2018 from April to September, (12) Times of Deposit Auctions can be held and Kyat (4,137) billion can be extracted from Eco System.

Central Bank of Myanmar has been implementing the Central Bank's Financial Reporting System to comply with the International Financial Reporting Standard (IFRS) by the technical assistance of International Monetary Fund (IMF).

## ၂.၁၁ နိုင်ငံခြားသုံးငွေဆိုင်ရာလိုင်စင်များ စိစစ်ထုတ်ပေးခြင်း

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသည် နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရက်လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်များကို စိစစ်ထုတ်ပေးပါသည်။ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ အောက်ဖော်ပြပါလိုင်စင် (၂) မျိုးကို ထုတ်ပေးပါသည်–

(၁) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License)

(၂) နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License)

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License) ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ဘဏ် (၁၁) ဘဏ်အား စတင်ထုတ်ပေးခဲ့ပြီး ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်ကုန်အထိ ပုဂ္ဂလိကဘဏ် (၁၉) ဘဏ်နှင့် နိုင်ငံခြားဘဏ် (၁၃) ဘဏ်တို့အား ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License) များ ထပ်မံခွင့်ပြု ထုတ်ပေးခဲ့ခြင်းမရှိပါ။

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ရရှိထားသော ဘဏ် (၁၉) ဘဏ်နှင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရဘဏ် (၄) ဘဏ်တို့သို့ ငွေလဲကောင်တာ (၉၈၅) ခု ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ယင်းအနက် (၉၂၄) ခုမှာ လုပ်ငန်းဆောင်ရက်လျက်ရှိပါသည်။ ဘဏ်များ၏ ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ (၅) မျိုးဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်္ကာပူဒေါ်လာ၊ ထိုင်းဘတ်နှင့် မလေးရှားရင်းဂစ်တို့ ဝယ်ယူရောင်းချခြင်းကို ဆောင်ရက်ခွင့်ပြုခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များအပြင် ဘဏ်မဟုတ်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအား နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer Licence) ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လုပ်ငန်းဆောင်ရက်ခွင့်ပြုခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ကုမ္ပဏီ (၁၄) ခုအား လိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ဘဏ်မဟုတ်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်း (၃၂၈) ခု မှ Money Changer Counter (၄၆၀) ဖြင့် လုပ်ငန်းများ ဆောင်ရက်လျက်ရှိပါသည်။

၃၀.၉.၂၀၁၈ ရက်နေ့အထိ လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထုတ်ပေးခဲ့သည့် နိုင်ငံခြားသုံးငွေလိုင်စင်အခြေအနေအား ဇယား (၉) တွင် ဖော်ပြထားပါသည်–

## ၂.၁၂ ပြည်ပချေးငွေများအား ချေးယူခွင့်ပြုခြင်း

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ သာမာန်စာရင်းပိုင်းဆိုင်ရာများအား လွတ်လပ်စွာ လွှဲပြောင်းခွင့်ပြုသော်လည်း ငွေလုံးငွေရင်းလွှဲပြောင်းခြင်းများကိုမူ အတိုင်းအတာတစ်ခုအထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စိစစ်ကြီးကြပ်လျက်ရှိပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့်အညီ ငွေလုံးငွေရင်းစာရင်းပိုင်းတွင်ပါဝင်သော ပြည်ပချေးငွေအား ပြည်တွင်းပြည်ပကုမ္ပဏီများကရယူရာတွင် ချေးငွေဆိုင်ရာသတ်မှတ်ချက်များပြဋ္ဌာန်းပြီး စိစစ်ခွင့်ပြုလျက်ရှိပါသည်။ ပြည်ပချေးငွေရယူခြင်းဆိုင်ရာသတ်မှတ်ချက်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဆိုဒ် www.cbm.gov.mm တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုအဖြစ် ဝင်ရောက်လာသော ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ (၁,၁၁၈.၅၆) သန်း၊ ယူရို (၄.၃၀) သန်း၊ ဂျပန်ယန်း (၂၂၀) သန်းနှင့် မြန်မာကျပ် (၇,၄၄၀) သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာတို့အား ခွင့်ပြုခဲ့ပါသည်။

## 2.11 Issuing Foreign Exchange License

With a view to facilitate foreign exchange dealing in conformity with the Foreign Exchange Management Law, Foreign Exchange Management Department scrutinizes and grants the two following licenses:

(a) Authorized Dealer License

(b) Money Changer License

The authorized dealer licenses have been issued to 11 private banks since November 25, 2011 and, at the end of FY 2017–2018, 19 private commercial banks and 13 foreign banks have been granted. In the FY 2018 (April to September), the authorized dealer licenses have not yet been issued.

The money changer counters of these banks have been permitted to perform the money changing business; buying and selling foreign currencies: USD, Euro, SGD, THB and MYR. By the end of Sept 2018, 15 new Money Changer counters of private banks and 14 additional counters of non–bank companies are permitted to conduct money changing business. At the end of Sept 2018, 924 money changer counters are in full swing while the commercial banks have been permitted to open 985 money changer counters all over the country. Moreover, the Central Bank of Myanmar has allowed 328 non–bank companies to operate the money changing business since December 2012, and thus 460 Money Changers of these companies are providing services at the end of Sept 2018.

List of the issued FE Licenses based on the types of business upto 30 Sept, 2018 is shown in the table (9).

## 2.12 Permission of Offshore Loans

Despite, there is no restriction on current account transactions, Central Bank of Myanmar controls certain extend of the capital account transaction as per Foreign Exchange Management Law. Offshore loans by local/ foreign companies are required to meet criteria set by the Central Bank of Myanmar and get approval. Criteria for offshore loan were posted on the Central Bank of Myanmar's website www.cbm.gov.mm.

Within the FY 2018 (April to September) Central Bank of Myanmar approved the offshore loan amounting to USD 1,118.56 million , Euro 4.30 million, Jpy 220 million and MMK 7,440 million.

ဇယား (၉) (၃၀.၉.၂၀၁၈) ရက်နေ့အထိ လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထုတ်ပေးခဲ့သည့် နိုင်ငံခြားသုံးငွေလိုင်စင် အခြေပြဇယား

| လုပ်ငန်းအမျိုးအစား | | နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် A.D License | နိုင်ငံခြားငွေများ ဝယ်ယူ/ ရောင်းချ/ လဲလှယ်ပေးခွင့်လိုင်စင် M.C License | စုစုပေါင်း |
|---|---|---|---|---|
| (က) | **နိုင်ငံတော်အဖွဲ့အစည်းများ** | | | |
| | ၁။ ဘဏ် | ၆၃ | - | ၆၃ |
| | ၂။ ဟိုတယ်/ မိုတယ်/ အင်းနှင့် ခရီးသွားလုပ်ငန်း | - | - | - |
| | ၃။ ကုန်တိုက်ကုန်ပဒေသာဆိုင် | - | - | - |
| | ၄။ ကျောက်မျက်ရတနာလုပ်ငန်း | - | - | - |
| | ၅။ စားသောက်ဆိုင် | - | - | - |
| | ၆။ အခြားဌာနများ | - | - | - |
| (ခ) | **ပုဂ္ဂလိကအဖွဲ့အစည်းများ** | | | |
| | ၁။ ဘဏ် | ၃၂ | ၄ | ၃၆ |
| | ၂။ ဟိုတယ်/ မိုတယ်/ အင်းနှင့် ခရီးသွားလုပ်ငန်း | - | ၁ | ၁ |
| | ၃။ ကျောက်မျက်ရတနာလုပ်ငန်း | - | - | - |
| | ၄။ ကုမ္ပဏီများ | - | ၃၂၈ | ၃၂၈ |
| | ၅။ စားသောက်ဆိုင် | - | - | - |
| | ၆။ အခြားဌာနများ | - | - | - |
| စုစုပေါင်း | | ၉၅ | ၃၃၃ | ၄၂၈ |

## ၂.၁၃ ဘဏ်များအကြားနိုင်ငံခြားငွေကြေးဈေးကွက် Interbank FX Market ဆိုင်ရာဝန်ဆောင်မှုများ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လပတ်အတွင်း နိုင်ငံခြားငွေကြေးဈေးကွက် (Interbank Market) တွင် ဘဏ်အချင်းချင်းရောင်းဝယ်သည့် နိုင်ငံခြားငွေပမာဏ (Spot Traded Volume) နှင့် ဈေးကွက်အတွင်း ဘဏ်နှင့် Customer များအကြား ရောင်းဝယ်သည့် နိုင်ငံခြားငွေပမာဏ (Customer Traded Volume) တို့သည် သိသာစွာ ဖွံ့ဖြိုးတိုး တက်လာသည်ကို အောက်ပါ ပုံ (၁၄) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံ-၁၄





Table (9) Status of Foreign Exchange Authorized License as on 30.9.2018.

| License Category | | Authorized Dealer License | Money Changer License | Total |
|---|---|---|---|---|
| (A) | State-owned Enterprise | | | |
| | 1. State-ownedBanks | 63 | - | 63 |
| | 2. Hotel & TourismEnterprise | - | - | - |
| | 3. DepartmentStore | - | - | - |
| | 4. GemsEnterprise | - | - | - |
| | 5. Restaurant | - | - | - |
| | 6. OtherEnterprise | - | - | - |
| (B) | Private Enterprise | | | |
| | 1.PrivateBanks | 32 | 4 | 36 |
| | 2.Hotel & TourismEnterprise | - | 1 | 1 |
| | 3.GemsEnterprise | - | - | - |
| | 4.Companies | - | 328 | 328 |
| | 5.Restaurant | - | - | - |
| | 6.OtherEnterprise | - | - | - |
| Total | | 95 | 333 | 428 |

## 2.13 The Interbank Foreign Exchange Market in Myanmar

The interbank foreign exchange market was boomed from April to September, 2018. The spot traded volume in the interbank market (dealing with bank to bank) and the customer traded volume in the interbank market (dealing with bank and customers) are shown by the following chart (14).

Chart-14



မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသည် ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပြုရောင်းဝယ်သည့် ဈေးနှုန်း၊ အမှန်တကယ်အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်သည့် နိုင်ငံခြားငွေပမာဏတို့အား တစ်နေ့ (၄) ကြိမ် စာရင်းကောက်ယူပြီး အများပြည်သူထံ သတင်း ထုတ်ပြန်ပေးလျက်ရှိပါသည်။ နေ့စဉ် နံနက် (၁၀:၀၀) နာရီ၊ နေ့လည် (၁၂:၀၀) နာရီ၊ မွန်းလွဲ (၂:၀၀) နာရီနှင့် ညနေ (၄:၀၀) နာရီတို့တွင်ဖြစ်ပေါ်သည့် ဈေးနှုန်းများအားရယူပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဆိုဒ် www.cbm.gov.mm နှင့် တယ်လီဖုန်း အမှတ် ၀၁-၈၆၀၅၁၀၀ မှတဆင့် သတင်းပြန်ကြားပေးလျက်ရှိပါသည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသည် AD လိုင်စင်ရဘဏ်များတွင် နေ့စဉ်ဆောင်ရက်နေသည့် ကုန်သွယ်မှုဆိုင်ရာ စာရင်းများ (Trade Transactions) နှင့် ကုန်သွယ်မှုမဟုတ်သောစာရင်းများ (Non Trade Transactions) တွင် နိုင်ငံခြားငွေ စီးဝင်/စီးထွက်မှု (FX Inflow & Outflow) စာရင်းများအား Electronic Reporting System (ERS) ကို အသုံးပြုလျက် စိစစ်ဆေးခြင်း၊ စိစစ်အကဲဖြတ်ခြင်းတို့ကို အချိန်နှင့်တပြေးညီ ဆောင်ရက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာ လအထိ) (၆) လပတ်ကာလအတွင်း ဘဏ်များမှ ERS ဖြင့် သတင်းပေးပို့ချက်အရ နိုင်ငံခြားငွေစီးဝင်မှုပမာဏ (FX Inflow) မှာ အမေရိကန်ဒေါ်လာ ၃၀.၆၁ ဘီလီယံခန့်နှင့် နိုင်ငံခြားငွေစီးထွက်မှုပမာဏ (FX Outflow) မှာ အမေရိကန်ဒေါ်လာ ၃၁.၀၅ ဘီလီယံခန့် ရှိပါသည်။

ပြည်ပသို့ ပို့ကုန်တင်ပို့ထားသော ကုမ္ပဏီများ၏ ပို့ကုန်ရငွေများ ပြည်တွင်းသို့ ဝင်ရောက်မှု/ကျန်ရှိမှု အခြေအနေ များကို အကောက်ခွန်ဦးစီးဌာန၏ (MACCS) စနစ်နှင့် ဗဟိုဘဏ်၏ Electronic Reporting System (ERS) Software တို့ ဖြင့် ချိတ်ဆက်စိစစ်လျက်ရှိပြီး ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွင်း ကုမ္ပဏီ (၃၂၆) ခုထံမှ ပို့ကုန်ရငွေ ပမာဏ အမေရိကန်ဒေါ်လာ (၆၈၇.၉၅) သန်း ဝင်ရောက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်တွင်း AD လိုင်စင်ရဘဏ် (၂၂) ဘဏ်အနက် Trade Financing ပြုလုပ်သောဘဏ် (၁၇) ဘဏ်မှ Import Financing ပမာဏ အမေရိကန်ဒေါ်လာ (၁၂၁၇.၉၅) သန်း ဖြစ်သည့်အတွက် Import Financing ဆောင်ရက်ပေးမှုမှာ စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၂၀.၂၇% ဖြစ်ပြီး Export financing ပမာဏ အမေရိကန်ဒေါ်လာ (၄၃.၇၅) သန်း ဖြစ်သည့် အတွက် Export Financing ဆောင်ရက်ပေးမှုမှာ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁.၂၈ % ဖြစ်ပါသည်။

## ၂.၁၄ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ၊ ငွေကြေးလုပ်ငန်းဆောင်ရက်ပြီးစီးမှု

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေစက္ကူများဖြစ်သော ပြည်တွင်းသုံးစွဲ ငွေကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရက်ရသည်ဖြစ်ရာ ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနအနေဖြင့် ငွေစက္ကူများကို ဖြည့်တင်းရာတွင်လည်းကောင်း၊ ထုတ်ဝေရာတွင်လည်းကောင်း စနစ်တကျ စီမံခန့်ခွဲဆောင်ရက်လျက်ရှိပါသည်။ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေထားသော ငွေစက္ကူအမျိုးအစား(၁၅)မျိုးကို ပြည်သူလူထုအတွင်း လွယ်ကူစွာအသုံးပြုနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကိုယ်စားလှယ်များဖြစ်သော နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ဖြန့်ဝေလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တန်ဖိုးငယ်ငွေစက္ကူများအပါအဝင် စုစုပေါင်းကျပ် (၃,၀၂၈.၉၇၄) ဘီလီယံ ဖြန့်ဝေနိုင်ခဲ့ပါသည်။

**ဇယား (၁၀) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖြန့်ဝေခဲ့သော ငွေစက္ကူအခြေပြဇယား**

| အကြောင်းအရာ | ပမာဏ (ကျပ်-ဘီလီယံ) |
|---|---|
| နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ ဖြန့်ဝေခဲ့သည့် ငွေစက္ကူများ | ၃,၀၂၈.၉၇၄ |

Foreign exchange management department collects the quoted prices, actual traded prices and volume four times a day to disclose to the public at 10:00 AM, 12:00 PM, 2:00 PM and 4:00 PM every day except holidays. That information can be searched through the Central Bank of Myanmar website: www.Central Bank of Myanmar .gov.mm or automatic answering machine number + 95 8605100.

The FEMD is monitoring foreign currency inflows / outflows for trade & non–trade transactions of Authorized Dealer commercial banks by electronic reporting system (ERS). According to the reported data by the banks during the period of 2018 (April–Sep), we found out that the total amount of foreign currency inflows was about USD 30.61 billion and outflows was USD 31.05 billion respectively.

Authorized Dealers are responsible to verify whether the export proceeds are received or not within six months from the date of shipment of good and view the export documentation which the exporter lodged at the time of the original export in connecting with Electronic Reporting System (ERS) of Central Bank of Myanmar and MACCS of Customs. During April to September 2018, the receipt of export proceeds are received US$ 687.95 million from 326 companies.

From April to September 2018, 17 banks out of 22 Local Authorized Dealer banks supported Trade Financing. Total Import Financing Amount of these banks is USD 1217.95 million and import financing % of total import amount is 20.27 % and Total Export Financing Amount of these banks is USD 43.75 million and export financing % of total export amount is 1.28 %.

## 2.14 The Implementing Currency Management in 2018 (April to September)

According to the Central Bank of Myanmar Law, Central Bank of Myanmar acts as the sole issuer of domestic currency either banknotes or coins and conducts operations to ensure the stability of banknote supply and to maintain public confidence in banknotes. The Currency Management Department issues fifteen denominations notes and distributes them to public through State Banks and Private Banks for easily handling to be dealing. According to the Financial Institutions Law of Myanmar, Myanmar Economic Bank is the agent bank of Central Bank of Myanmar. In this FY 2018 (April to September) Currency Department distributed banknotes to the public including small notes to the whole nation through State Banks and Private Banks.

**Table (10) shows Currency Issued to the State Bank and Private Banks in the FY 2018 (April to September)**

| Particular | Amount ( Kyat in Billion ) |
|---|---|
| Issued notes to State Banks and Private Banks | 3,028.974 |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရက်နေသော နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိက ဘဏ်များသို့ ဘဏ္ဍာငွေထုတ်ပေးခြင်း၊ ပြန်လည်လက်ခံခြင်းများ ဆောင်ရက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဘဏ်များမှ ကျပ် (၃,၅၀၇.၇၅၉) ဘီလီယံ ပေးသွင်းလာပါသည်။ ဘဏ်များမှ ပြန်လည်ပေးသွင်းလာသည့် ငွေစက္ကူများကို အသေးစိတ်ပြန်လည်ရေတွက်စစ်ဆေး၍ ပြန်လည်ထုတ်ဝေနိုင်သည့်ငွေစက္ကူများ (Fit notes) နှင့် ပြန်လည်သုံးစွဲရန်မသင့်တော်သောငွေစက္ကူများ (Unfit notes) အဖြစ် စိစစ်ရေးချယ်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြန်လည်ထုတ်ဝေနိုင်သော ငွေစက္ကူကျပ် (၁,၉၅၂.၇၀၄) ဘီလီယံ နှင့် ပြန်လည်သုံးစွဲရန်မသင့်တော်သော ငွေစက္ကူအဖြစ် ကျပ် (၁,၀၃၀.၂၂၉) ဘီလီယံခန့် ရေးချယ်ရရှိခဲ့ပါသည်။

**ဇယား (၁၁) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြန်လည်လက်ခံပြီး စစ်ဆေးထားသည့် ငွေစက္ကူ အခြေပြဇယား**

**(ကျပ်-ဘီလီယံ)**

| အကြောင်းအရာ | လက်ခံရရှိမှု | စစ်ဆေးခြင်း | |
|---|---|---|---|
| | | ပြန်လည်ထုတ်ဝေနိုင်သည့် ငွေစက္ကူများ | အသုံးမပြုနိုင်သော ငွေစက္ကူများ |
| နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ လက်ခံရရှိမှု (U.G & Invoice) | ၃,၅၀၇.၇၅၉ | ၁,၉၅၂.၇၀၄ | ၁,၀၃၀.၂၂၉ |


မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေသော ငွေစက္ကူများအနက် ၁/- ကျပ်တန်မှ ၅၀၀/- ကျပ်တန်အထိ ငွေစက္ကူများသည် ကိုင်တွယ်သုံးစွဲမှုများပြားသဖြင့် ဟောင်းနွမ်းသွားသည့် ငွေစက္ကူများကို ပြန်လည်သုံးစွဲနိုင်သည့် သစ်လွင်ကောင်းမွန်သော ငွေစက္ကူများဖြင့် လဲလှယ်ပေးလျက်ရှိပါသည်။ ထို့အပြင် အဆိုပါ ဟောင်းနွမ်းငွေစက္ကူများကို အပြီးသတ်ဖျက်ဆီးရေးဌာနစိတ်တွင် ဖျက်ဆီးမှုပြုလုပ်ပါသည်။

**ဇယား (၁၂) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖျက်ဆီးခဲ့သည့် ဟောင်းနွမ်းငွေစက္ကူ အခြေပြဇယား**

| အကြောင်းအရာ | ပမာဏ (ကျပ်-ဘီလီယံ) |
|---|---|
| ဖျက်ဆီးခဲ့သည့် ဟောင်းနွမ်းငွေစက္ကူ | ၈၁၁.၂၃၄ |

ငွေကြေးစီမံခန့်ခွဲမှုဌာနသည် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ ငွေစက္ကူများ ဖြန့်ဝေပေးခြင်းသာမက ၄င်းတို့၏ ငွေကြေးသေတ္တာနှင့် ငွေကြေးလက်ကျန်တို့ကိုလည်း ကြီးကြပ်လျက်ရှိသည်။ မိမိတို့၏ ငွေကြေးကိုယ်စားလှယ် ဘဏ်ခွဲများဖြစ်သည့် နယ်မြန်မာ့စီးပွားရေးဘဏ်များ၏ နေ့စဉ်ငွေကြေးသေတ္တာမှ သွင်း/ထုတ်ပြုလုပ်ရာတွင် မှတ်တမ်းပြုသည့် ငွေကြေးသေတ္တာစာရင်းလွှာများ၊ နေ့စဉ်ငွေသားလက်ကျန်စာရင်းများအား စုစည်း၍ အပတ်စဉ်၊ လစဉ် ငွေကြေးလှည့်လည်သုံးစွဲငွေစာရင်းတွင် ထည့်သွင်းတွက်ချက်လျက်ရှိပါသည်။ နှစ်စဉ်လှည့်လည်သုံးစွဲငွေစာရင်းအား ပုံ(၁၅) ဖြင့် ပြုစုတင်ပြအပ်ပါသည်။

**ပုံ(၁၅) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း လှည့်လည်သုံးစွဲငွေ**



According to the Financial Institutions Law, specifically the Currency Management Department receives/issues banknotes from/to State Banks and Private Banks (Financial Institutions) and counted the banknotes which received from them and examined them to verify their authenticity and checked their fitness for recirculation. At the FY 2018 (April to September), Central Bank of Myanmar received over 3,507.759 billions and examined the fit notes over 1,952.704 billons and the unfit notes about 1,030.229 billions.

**Table (11) shows Receiving and Examining Fit / Unfit notes in the FY 2018 (April to September) (Kyat in Billion)**

| Particular | Receives | Examination | |
|---|---|---|---|
| | | Fit | Unfit |
| Receive from State Banks and Private Banks U.G & Invoice | 3,507.759 | 1,952.704 | 1,030.229 |


Beside, the nature of the notes is going oldish and defective when they are being held hand by hand, especially small notes from 1 kyat note to 500 kyat notes. The currency Department exchanged those oldish and defective notes with the fresh notes without taking any charges. These oldish and defective notes are destroyed at Final Destruction Section.

**Table (12) shows oldish and defective notes destroyed in the FY 2018 (April to September)**

| Particular | Amount ( Kyat in Billion) |
|---|---|
| Destroyed (oldish and defective notes) | 811.234 |

The Currency Management Department therefore not only distributes currencies to the State Banks but also controls their Currency Chest and Hand Balance. Putting out or withdrawing, putting in or depositing from/ to Currency Chest, concerning the transaction of MEB and recorded in the chest book and informed to Currency Management Department as chest slips and its evening Hand Balance. The Currency Management Department collects and records MEB's chest slips and Hand Balance daily and withdraws Currency in Circulation once a week. Currency in Circulation includes hand balance of public, hand balance of State Banks and balance of Private Banks. Yearly CIC is shown by the chart (15).

**Chart –15 shows Currencies in Circulation (CIC) in the FY 2018 (April to September)**



## ၂.၁၅ ဘဏ်လုပ်ငန်းလုံခြုံရေး

**ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ။** သတင်းနှင့်လုံခြုံရေးဌာနအား မြန်မာနိုင်ငံရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ်အသီးသီး၏လုပ်ငန်းများ လျင်မြန်ချောမွေ့အောင်မြင်စေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို လုပ်ဆောင်သွားရန် ရည်ရွယ်ဖွဲ့စည်းထားသည်။ ဤဌာနသည် လုံခြုံရေးအစီအမံများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို လုံခြုံရေးအသိစိတ်ဖြင့် ဆောင်ရက်ရသည့်အပြင် ဘဏ်ပိုင်ပစ္စည်းများ၊ အဆောက်အအုံ၊ စာရက်စာတမ်းများ၊ ဝန်ထမ်းများနှင့် နယ်မြေဒေသ လုံခြုံရေးအစီအစဉ်များ ချမှတ်ထားမှုအပေါ် ပြန်လည်ဆန်းစစ်ခြင်းများကို ဆောင်ရက်ရသည်။

**အခြေခံကျသောလုံခြုံရေးလုပ်ငန်းများ။** ဘဏ်လုပ်ငန်းများ လုံခြုံမှုရရှိနိုင်ရန်အတွက် အခြေခံလုပ်ဆောင်ရမည့် လုံခြုံမှုနယ်ပယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတင်းလုံခြုံရေး

(ခ) ပစ္စည်းလုံခြုံရေး

(ဂ) ဝန်ထမ်းလုံခြုံရေး

(ဃ) လုပ်ငန်းစဉ် အဆင့်ဆင့်လုံခြုံရေး

**သတင်းနှင့်လုံခြုံရေးဌာန၏ လုပ်ငန်းဆောင်ရက်မှုများ။** ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ သတင်းနှင့်လုံခြုံရေးဌာန၏ လုပ်ငန်းဆောင်ရက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လုံခြုံမှုလေ့လာခြင်းနှင့်စစ်ဆေးခြင်း။** စစ်ဆေးရေးအဖွဲ့များသည် Money Changer Counter (၂၀) ခုတို့အား လုံခြုံမှုလေ့လာခြင်း ဆောင်ရက်ခဲ့ပါသည်။

(ခ) **သတင်းများစုဆောင်းတင်ပြခြင်း။** ငွေရေးကြေးရေးအဖွဲ့များ၏ လက်ရှိအခြေအနေများ၊ အခြားသော အခြေအနေများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ညွှန်ကြားရေးမှူးချုပ်များထံသို့ သတင်းအချက်အလက်များ စုစုပေါင်း (၂၃၀၃) ပုဒ် စုစည်းတင်ပြခဲ့ပါသည်။

(ဂ) **လုံခြုံမှုအကာအကွယ်ပေးတာဝန်ဆောင်ရက်ခြင်း။** အရေးကြီးပုဂ္ဂိုလ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှကျင်းပပြုလုပ်သည့် အစည်းအဝေးများနှင့်အခမ်းအနားများ၊ အဖိုးတန်ပစ္စည်းများနှင့် ငွေကြေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရက်ရာ၌ လုံခြုံမှုအကာအကွယ်ပေးလုပ်ငန်းများ ဆောင်ရက်ခဲ့ပါသည်။

## 2.15 Banking Security

**Objectives and Functions:** The Information and Security Department conducts the security measures to ensure for successful, smooth and performing of all the banks and financial institutions in Myanmar. This department performs planning and implementing of security plan with security intelligences through placement of security staff and also reviewing of the overall security arrangements for the Bank's properties, premises, documents, personnel and field works.

**Basis Security Measures:** The following are the basic security measures to ensure Banking Security:

(a) Security of INFORMATION

(b) Security of MATERIALS

(c) Security of PERSONNEL

(d) Security of SYSTEM

**Performances of Information and Security Department:** Performances of Information and Security Department in Year 2018 (April to September) are as follows:

(a) **Survey and Inspection on Financial Institutions:** Teams of Security Survey and Inspection inspected the security of (20) numbers of Money Changer Counters.

(b) **Submission of information:** The Information and Security Department submitted (2303) information regarding the current situations of the Financial Institutions and other situations to the Governor, Deputy Governors and Directors–General of the Central Bank of Myanmar.

(c) **Protection of Intelligence Cover:** The Information and Security Department performed intelligence cover for the transportation of currency remittance and valuable materials, and official meetings and formalities of important persons and financial institutions.

# အပိုင်း (၃)
# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ

# Part (III)
# DEVELOPMENTS IN MYANMAR'S BANKING INDUSTRY

## ၃.၁ ပြည်တွင်းပုဂ္ဂလိကဘဏ်များသို့ ဘဏ်လုပ်ငန်းဆောင်ရက်ခွင့်လိုင်စင်ထုတ်ပေးခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အများပြည်သူအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ လွယ်ကူစွာရရှိနိုင်စေရန် ပုဂ္ဂလိကဘဏ်များအား ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်း ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၇ ဘဏ် ရှိပြီဖြစ်ပါသည်။

## ၃.၂ နိုင်ငံခြားဘဏ်များအား မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရက်ခွင့်ပြုခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ် (၁၃) ဘဏ်သို့ ဘဏ်ခွဲဖွင့်လှစ်ခွင့်လိုင်စင်ပေးအပ်ပြီး ပြည်တွင်း ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ပြည်တွင်းပို့ကုန် လုပ်ငန်းဆောင်ရက်သူများအတွက် ပို့ကုန်ချေးငွေဖြည့်ဆည်းမှု (Export Financing) နှင့် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရက်ခွင့်ပြုခဲ့ပါသည်။

## ၃.၃ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရက်မှုများ

နိုင်ငံခြားဘဏ်များအနေဖြင့် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများနှင့် အဆက် အသွယ်ရယူရန်နှင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များ ဖွင့်ခွင့်ပြုသည့်အခါ အခြေအနေကောင်းများရရှိရန်အတွက် ယင်းတို့ ၏ ကိုယ်စားလှယ်ရုံးများအား ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံအတွင်း ခွင့်ပြုပြီးနိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးအရေအတွက်မှာ (၄၄) ခု ဖြစ်ပြီး၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ်ရုံး အရေအတွက်မှာ (၅) ခု ဖြစ်ပါသည်။

## ၃.၄ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုး တက်မှုများ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ AML/CFT ဆိုင်ရာ ဆောင်ရက်မှုများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တားဆီးနှိမ်နင်းရေးအဖွဲ့များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ကဲ့သို့ သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရက်လျက်ရှိပါသည်။ အဆိုပါ ဌာနအဖွဲ့အစည်းများက စုံစမ်း စစ်ဆေးပေါ်ပေါက်သည့်အမှုများနှင့်စပ်လျဉ်း၍ ပြည်တွင်းလူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများက ဘဏ်များတွင် ဆက်သွယ်ဆောင်ရက်ခဲ့သည့် ငွေရေးကြေးရေးဆောင်ရက်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်များသို့ သတင်းအချက်အလက်များတောင်းခံ၍ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်လက်ပြန်ကြား ပေးခြင်းနှင့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို အမှုစုံစမ်းစဉ်ကာလအတွင်း ငွေသွင်း/ ငွေထုတ်ပြုလုပ်ခြင်းမှ ယာယီရပ်ဆိုင်းထားရန် ဘဏ်များသို့ ညွှန်ကြားခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း စုံစမ်းမေးမြန်းချက် ၆၉ ခုအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်များ သို့ မေးမြန်းဖြေကြားပေးခဲ့ခြင်းဖြင့် ပူးပေါင်းဆောင်ရက်လျက်ရှိပါသည်၊

(ခ) ထို့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အမိန့်ထုတ်ပြန်၍ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများကို တာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဧပြီ ၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက်နေ့အထိ ယင်းကဲ့သို့ အဖွဲ့ ၆ ဖွဲ့တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

### 3.1 Issuing new licenses to establish local banks

Aiming at the public can access the banking services easily, the Central Bank of Myanmar has granted the banking licenses to 27 private banks as at September 2018.

### 3.2 Allowing the Foreign Banks to enter and conduct in Myanma Banking Industry

Central Bank of Myanmar granted thirteen foreign banks to open a branch each in the country and allowed the foreign bank branches to conduct export financing and banking services relating to export business for domestic exporters to support the development of domestic export business.

### 3.3 Arrangement on foreign banks' representative offices

To conduct liaison services relating to business and finance and taking into consideration of favorable conditions when granting new foreign banks licenses, foreign banks' representative offices are opened in Myanmar. At the end of September 2018, there are 44 foreign bank representative offices and 5 representative offices of foreign finance companies in the system.

### 3.4 Progress made on Implementation of AML/CFT Regime

The AML/CFT implementations of Central Bank of Myanmar during 2018 (April to September) are as follows;

(a) The Central Bank of Myanmar is actively cooperating with the law enforcement agencies such as AMLCB, CCDAC, CCCT, FIU and BSI in which we identified the financial transactions of domestic designated persons and entities through banks and forwarded information to requested law enforcement agencies. And the Central Bank of Myanmar instructed banks to temporarily freeze the funds and assets of those domestic designated persons and entities upon request by these Law enforcement agencies. From April to September 2018, there were 69 requests received and responded by the Central Bank of Myanmar accordingly;

(b) Additionally, the Central Bank of Myanmar dispatches its directors and deputy directors as a member of the investigation body formed by the AMLCB for the further investigation of potential ML/TF cases. In April to September 2018, 6 dispatches were made.

## ၃.၅ ငွေရေးကြေးရေးအလုံးစုံပါဝင်မှု (Financial Inclusion) ဆိုင်ရာတိုးတက်ဆောင်ရက်မှုများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးကဏ္ဍတွင် ပြည်သူများပါဝင်လာနိုင်ပြီး Financial Inclusion ကို တိုးမြှင့်ဆောင်ရက်နိုင်ရန် ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် အများပြည်သူသို့ ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (Non–Bank Financial Institutions–NBFIs) တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ထိ NBFI ၂၅ ခု ကို တည်ထောင်ခွင့်ပြုပြီးဖြစ်ပါသည်။

ဘဏ်က Technical Service Provider (TSP) ငှားရမ်း၍ ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့်နေရာများတွင် ၎င်း၏ ကိုယ်စားလှယ် (agent) များမှတစ်ဆင့် ဘဏ်လုပ်ငန်းအား Mobile application အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရက်ခွင့်ပြုထားရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ထိ ပုဂ္ဂလိကဘဏ် ၉ ဘဏ်မှ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရက်လျက်ရှိပါသည်။ ထို့အပြင် ဘဏ်ဝန်ဆောင်မှုလက်လှမ်းမမီသည့် ဒေသများမှ ပြည်သူများ ငွေရေးကြေးရေးဝန်ဆောင်မှုကို အလွယ်တကူရရှိစေရန်အတွက် မိုဘိုင်းနည်းပညာကိုအသုံးပြု၍ ငွေပေးချေမှုနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုများကို ကိုယ်စားလှယ်မှတစ်ဆင့် ဝန်ဆောင်မှုရရှိရန်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ မိုဘိုင်းကွန်ရက်ဆောင်ရက်သူ ၂ ခုနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း ၁ ခု တို့အား မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရက်ရန်ခွင့်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးကဏ္ဍတိုးတက်ရေးအမြင်ဖြင့် ခေတ်မီနည်းပညာအခြေခံသော ထိရောက်လုံခြုံမှုရှိသည့် ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ATM စက်အလုံးပေါင်း ၉၁ လုံး တပ်ဆင်ရန် ခွင့်ပြုခဲ့ပြီး ပြည်တွင်းပုဂ္ဂလိကဘဏ်ခွဲအသစ် ၅၂ ဘဏ် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးပါဝင်မှုလုပ်ငန်းစဉ် တိုးတက်ရေးအတွက် တိုးချဲ့ဆောင်ရက်ခဲ့သည်များကို အောက်ပါဇယား (၁၃) ဖြင့် ဖော်ပြထားပါသည်–

ဇယား (၁၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးပါဝင်မှုလုပ်ငန်းစဉ် တိုးတက်ရေးအတွက် ဆောင်ရက်ချက်များ

| စဉ် | ဘဏ်အမည် | ဘဏ်ခွဲ | ATM | မိုဘိုင်းဘဏ်လုပ်ငန်း |
|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံသားများဘဏ်လီမိတက် | ၆ | ၈ | ✓ |
| ၂ | ပထမပုဂ္ဂလိကဘဏ်လီမိတက် | – | – | ✓ |
| ၃ | သမဝါယမဘဏ်လီမိတက် | ၈ | ၂၃ | ✓ |
| ၄ | ရတနာပုံဘဏ်လီမိတက် | – | – | – |
| ၅ | မြဝတီဘဏ်လီမိတက် | ၆ | ၇ | ✓ |
| ၆ | ရန်ကုန်မြို့တော်ဘဏ်လီမိတက် | ၁ | – | – |
| ၇ | ရိုးမဘဏ်လီမိတက် | ၁ | – | – |
| ၈ | မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | ၂ | – | ✓ |
| ၉ | အာရှရန်ကုန်ဘဏ်လီမိတက် | – | – | – |
| ၁၀ | ထွန်းကော်မာရှယ်ဘဏ်လီမိတက် | – | – | – |
| ၁၁ | ကမ္ဘောဇဘဏ်လီမိတက် | – | – | – |
| ၁၂ | အင်းဝဘဏ်လီမိတက် | ၆ | ၁ | ✓ |
| ၁၃ | အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် | ၃ | ၂၂ | ✓ |
| ၁၄ | ရှေ့ဝတီဘဏ်လီမိတက် | ၈ | – | – |
| ၁၅ | ယူနိုက်တက်အမရဘဏ်လီမိတက် | ၂ | – | – |

## 3.5 Improving Financial inclusion

Aiming at providing credit to public and businessmen who need loans and improving financial inclusion, Central Bank of Myanmar has allowed establishing 25 Non–Bank Financial Institutions as at September 2018.

Local banks are allowed to conduct Mobile banking that offers services for unbanked people by using mobile application through agents. Central Bank of Myanmar approved 9 local banks to conduct mobile banking business up to September, 2018. Moreover, Central Bank of Myanmar issued registration certificates to 2 Mobile Network Operators and 1 NBFI to conduct mobile financial services up to September, 2018 in order to provide unbanked people better access to financial services.

Central Bank of Myanmar is striving for the financial sector development and to emerge safe, sound and effective banking system. Central Bank of Myanmar allowed local banks to operate 91 ATMs and to open 52 bank branches during April to September 2018. Below Table (13) shows the measures taken by the Central Bank of Myanmar to improve Financial Inclusion Process;

**Table (13) shows the measures taken by the Central Bank of Myanmar to improve Financial Inclusion Process.**

| Sr.No. | Bank Name | Branch | ATM | Mobile Banking |
|---|---|---|---|---|
| 1 | Myanmar Citizens Bank Ltd | 6 | 8 | ✓ |
| 2 | First Private Bank Ltd | – | – | ✓ |
| 3 | Co–operative Bank Ltd | 8 | 23 | ✓ |
| 4 | Yadanabon Bank Ltd | – | – | – |
| 5 | Myawaddy Bank Ltd | 6 | 7 | ✓ |
| 6 | Yangon City Bank Ltd | 1 | – | – |
| 7 | Yoma Bank Ltd | 1 | – | – |
| 8 | Myanmar Oriental Bank Ltd | 2 | – | ✓ |
| 9 | Asia Yangon Bank Ltd | – | – | – |
| 10 | Tun Foundation Bank Ltd | – | – | – |
| 11 | Kanbawza Bank Ltd | – | – | – |
| 12 | Small & Medium Industrial Development Bank Ltd | 6 | 1 | ✓ |
| 13 | Global Treasure Bank Ltd | 3 | 22 | ✓ |
| 14 | Rual Development Bank Ltd | 8 | – | – |
| 15 | Innwa Bank Ltd | 2 | – | – |

| စဉ် | ဘဏ်အမည် | ဘဏ်ခွဲ | ATM | မိုဘိုင်းဘဏ်လုပ်ငန်း |
|---|---|---|---|---|
| ၁၆ | မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် | - | ၂၆ | ✓ |
| ၁၇ | အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် | - | - | - |
| ၁၈ | ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် | - | - | - |
| ၁၉ | နေပြည်တော်စည်ပင်ဘဏ်လီမိတက် | ၁ | ၄ | - |
| ၂၀ | မြန်မာအသေးစားငွေရေးကြေးရေးဘဏ်လီမိတက် | - | - | - |
| ၂၁ | ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်လီမိတက် | - | - | - |
| ၂၂ | ကမ္ဘာ့ရတနာဘဏ်လီမိတက်(ယခင် MLFDB) | ၆ | - | - |
| ၂၃ | ရေ(ကျေးလက်နှင့် မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် | - | - | ✓ |
| ၂၄ | ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် လီမိတက်(A Bank) | ၂ | - | - |
| ၂၅ | ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး ဘဏ်လီမိတက်(G Bank) | - | - | - |
| ၂၆ | သတ္တုဖွံ့ဖြိုးရေးဘဏ် | - | - | - |
| ၂၇ | မြန်မာ့ခရီးသွားဘဏ် | - | - | - |
| စုစုပေါင်း | | ၅၂ | ၉၁ | ၉ |

## ၃.၆ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန

ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင်းရှိဘဏ်များ လုံခြုံခိုင်မာမှုရှိစေရန် ရည်ရွယ်ပါသည်။ ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းစဉ်များမှာ စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းတို့အား အခြေခံ၍ ဆောင်ရက်လျက်ရှိပါသည်။

## ၃.၇ စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း

စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်များမှာ-

(က) ဘဏ်များ၏ငွေရေးကြေးရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရက်မှုအပေါ် ပုံမှန်သတင်းအချက်အလက်ရယူ၍ ကြီးကြပ်စစ်ဆေးရန်၊

(ခ) ဘဏ်များ၏ အဓိကလုပ်ငန်းဆောင်ရက်မှုညွှန်းကိန်းများအား လေ့လာဆန်းစစ်ရန်၊

(ဂ) ကြိုတင်သတိပေးစနစ်အား ပံ့ပိုးကူညီဆောင်ရက်ရန်။

## ၃.၈ ဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်းလက်ကျန်ရှင်းတမ်းအခြေအနေ

ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ စုစုပေါင်းရရန်ပိုင်ခွင့်များသည် ၃၀-၉-၂၀၁၇ ရက်နေ့တွင် ကျပ် ၅၃,၈၄၉,၇၂၁.၉၆ သန်း ရှိရာမှ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ကျပ် ၆၁,၂၀၁,၅၉၉.၀၃ သန်း ရှိ၍ စုစုပေါင်းရရန်ပိုင်ခွင့် ကျပ် ၇,၃၅၁,၈၇၇.၀၇ သန်း တိုးသွားပါကြောင်း၊ ထိုသို့တိုးသွားရခြင်းမှာ ဘဏ်များ၏ ချေးငွေပမာဏ၊ အဆောက်အဦနှင့်ပုံသေရရန်ပိုင်ခွင့်များ၊ ငွေတိုက်စာချုပ်ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ရရန်ရှိများတွင် ၂၀.၂၁ % ၊၂၈.၈၉ % ၊ ၃၉.၇၈ % နှင့် ၇.၁၀ % အသီးသီး တိုးတက်လာသောကြောင့်ဖြစ်ပါသည်။

| Sr.No. | Bank Name | Branch | ATM | Mobile Banking |
|---|---|---|---|---|
| 16 | Asia Green Development Bank Ltd | – | 26 | ✓ |
| 17 | Ayeyarwaddy Bank Ltd | – | – | – |
| 18 | United Amara Bank Ltd | – | – | – |
| 19 | Myanma Apex Bank Ltd | 1 | 4 | – |
| 20 | Naypyitaw Sibin Bank Limited | – | – | – |
| 21 | Myanmar Microfinance Bank Limited | – | – | – |
| 22 | Construction , Housing and Infrastructure Development Bank Limited | 6 | – | – |
| 23 | Shwe Rural and Urban Development Bank Limited | – | – | ✓ |
| 24 | Ayeyarwaddy Farmers Development Bank Limited(A Bank) | 2 | – | – |
| 25 | Glory Farmer Development Bank Limited (G Bank) | – | – | – |
| 26 | Mineral Development Bank | – | – | – |
| 27 | Myanma Tourism Bank | – | – | – |
| | **Total** | 52 | 91 | 9 |

### 3.6 Financial Institutions Supervision Department

The primary objective of the financial institutions supervision department (FISD) is to ensure safety and soundness of banks in Myanmar. The process of supervision is based on off-site monitoring and on-site examination.

### 3.7 Off-site Monitoring

Key objectives of off-site monitoring are:

(a) To obtain regular information on the financial condition and performance of banks through the analysis of bank data and reports,

(b) To verify and analyze the data submitted to FISD on key performance indicators, and

(c) To serve as an Early Warning System.

### 3.8 Highlight of Aggregate Balance Sheet of the Banking Sector

The total assets of the banking sector increased from kyat 53,849,721.96 million at the end of September 2017 to kyat 61,201,599.03 million at the end of September 2018 increasing by kyat 7,351,877.07 million. This is due to loans and advances, Premises and Other Fixed Assets, Equity Investment, Claims on Financial Institutions at 20.21 %, 28.89 %, 39.78 % and 7.10 % are increasing respectively compared to the previous total assets.

အလားတူ ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ပေးရန်တာဝန်များတွင် ၃၀-၉-၂၀၁၈ ရက်နေ့၌ အပ်ငွေသည် အဓိက အနေဖြင့် အများဆုံးပါဝင်ပြီး၊ ၃၀-၉-၂၀၁၇ ရက်နေ့နှင့် နှိုင်းယှဉ်ပါက အပ်ငွေတွင် ၁၃.၉၂ %၊ ကာလရှည်ချေးငွေတွင် ၇.၁၉ % နှင့် အခြားပေးရန်ရှိတာဝန်တို့တွင် ၁၃.၃၂ % အသီးသီးတိုးလာကြောင်း တွေ့ရှိရပါသည်။ မတည်ငွေရင်းနှင့် ရန်ပုံငွေထားရှိမှု စာရင်းအနေဖြင့် ၃၀-၉-၂၀၁၇ ရက်နေ့နှင့် နှိုင်းယှဉ်ပါက ၉.၄၈ % တိုးလာကြောင်း တွေ့ရှိရပါသည်။ အောက်ဖော်ပြပါ ဇယား (၁၄) သည် ၃၀-၉-၂၀၁၇ ရက်နေ့နှင့် ၃၀-၉-၂၀၁၈ ရက်နေ့တို့ရှိ စုစုပေါင်းလက်ကျန်ရှင်းတမ်းများကို ဖော်ပြထားပါသည်။

**ဇယား(၁၄) ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၃၀-၉-၂၀၁၇ ရက်နေ့နှင့် ၃၀-၉-၂၀၁၈ ရက်နေ့ရှိ စုစုပေါင်း လက်ကျန်ရှင်းတမ်း**

| အကြောင်းအရာ | (၃၀-၉-၂၀၁၇) | (၃၀-၉-၂၀၁၈) |
|---|---|---|
| ရရန်ပိုင်ခွင့်များ (ကျပ်သန်းပေါင်း) | | |
| ငွေသားလက်ကျန် | ၇,၂၈၀,၄၃၈.၆၀ | ၆,၈၆၈,၂၁၁.၉၄ |
| ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရရန်ရှိများ | ၁၀,၉၆၃,၅၃၈.၃၃ | ၁၁,၉၁၇,၇၅၉.၄၉ |
| လျှော့နှုန်းဖြင့်ဝယ်ယူထားသောဘီလ်များ | ၆,၉၀၄.၂၁ | ၂၇၄.၂၆ |
| ငွေတိုက်စာချုပ်များရင်းနှီးမြှုပ်နှံမှုများ | ၅,၅၆၁,၃၉၇.၆၀ | ၇,၇၇၃,၅၆၈.၇၃ |
| ချေးငွေ | ၂၃,၀၇၃,၈၅၉.၃၇ | ၂၇,၃၀၅,၀၈၁.၆၆ |
| အကြွေးပြန်မဆပ်နိုင်၍သိမ်းယူထားသော ရရန်ပိုင်ခွင့်များ | ၁,၈၀၀.၀၅ | ၃၈၁.၅၂ |
| လက်အောက်ခံကုမ္ပဏီများနှင့် မိတ်ဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများ | ၁၉,၆၆၀.၀၀ | ၂၁,၁၆၀.၀၀ |
| အဆောက်အဦနှင့်ပုံသေရရန်ပိုင်ခွင့်များ | ၁,၃၄၄,၃၇၈.၄၂ | ၁,၇၃၂,၇၇၈.၈၈ |
| အခြားရရန်ပိုင်ခွင့်များ | ၅,၅၉၈,၈၀၆.၆၆ | ၅,၅၉၆,၅၇၄.၈၂ |
| **စုစုပေါင်း** | **၅၃,၈၄၉,၇၂၁.၉၆** | **၆၁,၂၀၁,၅၉၉.၀၃** |
| ပေးရန်တာဝန်များ (ကျပ်သန်းပေါင်း) | | |
| အပ်ငွေ | ၄၀,၂၃၅,၅၃၆.၆၁ | ၄၅,၈၃၄,၅၁၁.၉၂ |
| ကာလတိုချေးယူငွေ | ၂,၂၃၉,၅၂၀.၇၄ | ၂,၁၈၇,၀၂၇.၆၈ |
| ကာလရှည်ချေးယူငွေ | ၇၁၅,၁၁၆.၅၀ | ၇၆၆,၅၆၈.၀၁ |
| အခြားပေးရန်ရှိတာဝန်များ | ၆,၃၇၆,၉၆၂.၀၆ | ၇,၂၂၆,၆၇၀.၇၇ |
| မတည်ငွေရင်းနှင့်ရန်ပုံငွေထားရှိမှုစာရင်း | ၄,၂၈၂,၅၈၆.၀၅ | ၅,၁၈၆,၈၂၀.၆၅ |
| **စုစုပေါင်း** | **၅၃,၈၄၉,၇၂၁.၉၆** | **၆၁,၂၀၁,၅၉၉.၀၃** |

## ၃.၉ ဘဏ်များမှ စီးပွားရေးကဏ္ဍအလိုက် ချေးငွေထုတ်ချေးထားမှုအခြေအနေ

ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၃) လတစ်ကြိမ် ကဏ္ဍအလိုက်ထုတ်ချေးထားသော ချေးငွေစာရင်း ပြုစုတင်ပြရပါသည်။ အစီရင်ခံတင်ပြသည့်ကာလအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသို့ (၆၈.၃၄ %)၊ ဝန်ဆောင်မှုကဏ္ဍသို့ (၁၀.၄၀ %)၊ ဆောက်လုပ်ရေးကဏ္ဍသို့ (၉.၀၃ %)၊ အိမ်ယာချေးငွေကဏ္ဍသို့ (၇.၆၂ %)၊ အထွေထွေသို့ (၂.၃၁ %) နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသို့ (၁.၂၀ %) ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ဘဏ်များမှ စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးထားသော ချေးငွေပမာဏအား အောက်ပါ ဇယား (၁၅) ဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား (၁၅) ဘဏ်များမှ စီးပွားရေးကဏ္ဍအလိုက်ထုတ်ချေးထားသော ချေးငွေပမာဏပြဇယား**

| စဉ် | ကဏ္ဍ | စုစုပေါင်းချေးငွေ | |
|---|---|---|---|
| | | ပမာဏ(ကျပ်သန်း) | ရာခိုင်နှုန်း |
| ၁။ | စိုက်ပျိုးရေး/မွေးမြူရေး | ၁၆,၅၅၅,၁၃၂.၀၄ | ၆၈.၃၄ |
| ၂။ | ထုတ်လုပ်မှု | ၄,၃၉၃.၄၀ | ၀.၀၂ |
| ၃။ | ကုန်သွယ်မှု | ၂၂၇,၄၇၆.၅၇ | ၀.၉၄ |
| ၄။ | သယ်ယူပို့ဆောင်ရေး | ၂၈၉,၈၅၅.၉၇ | ၁.၂၀ |
| ၅။ | ဆောက်လုပ်ရေး | ၂,၁၈၇,၃၇၃.၈၉ | ၉.၀၃ |
| ၆။ | ဝန်ဆောင်မှု | ၂,၅၂၀,၄၄၆.၂၁ | ၁၀.၄၀ |
| ၇။ | အိမ်ယာချေးငွေ | ၁,၈၄၅,၄၁၈.၂၆ | ၇.၆၂ |
| ၈။ | SME | ၃၆,၄၇၄.၃၈ | ၀.၁၅ |
| ၉။ | အထွေထွေ | ၅၅၉,၅၃၆.၅၆ | ၂.၃၁ |
| **စုစုပေါင်း** | | **၂၄,၂၂၆,၁၀၇.၂၈** | **၁၀၀** |

On the other hand, the ranking of the major components of the liabilities remained largely by deposit at the end of Sept 2018, and when compare with the end of Sept 2017, deposit increased to 13.92 %, Long-term Borrowing increased to 7.19 % and other liabilities increased to 13.32 % respectively. At the Equity component, Equity Capital also increased to 9.48 % compared to the end of Sept 2017. The following table (14) shows the aggregate balance sheet structure of the banking sector at 30-9-2017 and 30-9-2018.

**Table (14) shows the aggregate balance sheet of the banking sector for the years ended (30-9-2017) and (30-9-2018).**

| Particulars | 30-9-2017 | 30-9-2018 |
|---|---|---|
| **Assets (Kyat in Million)** | | |
| Cash | 7,280,438.60 | 6,868,211.94 |
| Claims on Financial Institutions | 10,963,538.33 | 11,917,759.49 |
| Bills Purchased & Discounted | 6,904.21 | 274.26 |
| Equity investment | 5,561,397.60 | 7,773,568.73 |
| Loans and Advances | 23,073,859.37 | 27,305,081.66 |
| Repossessed Assets | 1,800.05 | 381.52 |
| Investments in Unconsolidated Subsidiaries and Associated Companies | 19,660.00 | 21,160.00 |
| Premises and Other Fixed Assets | 1,344,378.42 | 1,732,778.88 |
| Other Assets | 5,598,806.66 | 5,596,574.82 |
| **Total** | **53,849,721.96** | **61,201,599.03** |
| **Liabilities (Kyat in Million)** | | |
| Deposit | 40,235,536.61 | 45,834,511.92 |
| Short-term Borrowing | 2,239,520.74 | 2,187,027.68 |
| Long-term Borrowing | 715,116.50 | 766,568.01 |
| Other Liabilities | 6,376,962.06 | 7,226,670.77 |
| Equity Capital and Reserve | 4,282,586.05 | 5,186,820.65 |
| **Total** | **53,849,721.96** | **61,201,599.03** |

## 3.9 Loan and Advances to Different Economic Sectors

Total Loan and advances disbursed in various sectors of economy were compiled on the basis of quarterly returns submitted by the banks. At the reporting period, Agriculture/livestock sector was the dominant sector of borrowing with 68.34 % share followed by Services 10.40 %, construction 9.03 %, Real Estate 7.62 %, Miscellaneous 2.31 % and Transportation 1.20 %. Sector-wise classification of the total loan and advances of the banks are shown in the following table (15).

**Table (15) shows sector-wise loan and advances of the banks**

| No | Sector | Total Loan | |
|---|---|---|---|
| | | Amount (Kyat in Million) | Percentage |
| 1 | Agriculture/Livestock | 16,555,132.04 | 68.34% |
| 2 | Manufacturing | 4,393.40 | 0.02% |
| 3 | Trade | 227,476.57 | 0.94% |
| 4 | Transportation | 289,855.97 | 1.20% |
| 5 | Construction | 2,187,373.89 | 9.03% |
| 6 | Services | 2,520,446.21 | 10.40% |
| 7 | Real Estate | 1,845,418.26 | 7.62% |
| 8 | SME | 36,474.38 | 0.15% |
| 9 | Miscellaneous | 559,536.56 | 2.31% |
| **Total** | | **24,226,107.28** | 100 % |

## ၃.၁၀ ဘဏ်များမှ အာမခံအမျိုးအစားအလိုက်ချေးငွေထုတ်ချေးမှုအခြေအနေ

ဘဏ်များမှ ထုတ်ချေးထားသော ချေးငွေများသည် အာမခံအမျိုးမျိုးယူ၍ ထုတ်ချေးလျက်ရှိပါသည်။ အစီရင်ခံတင်ပြသည့်ကာလအတွင်း စုစုပေါင်းချေးငွေ၏ ၂၉.၉၁ % မှာ စာရင်းသေအပ်ငွေအာမခံဖြစ်ပြီး၊ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအာမခံမှာ ၁၄.၄၂ % နှင့် ၁၇.၃၉ % မှာ အာမခံမဲ့ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဇယား (၁၆) သည် ၃၀-၉-၂၀၁၈ ရက်နေ့ရှိ ဘဏ်များ၏ အာမခံအမျိုးအစားအလိုက် ထုတ်ချေးထားသောချေးငွေများ ဖြစ်ပါသည်။


**ဇယား(၁၆) ဘဏ်များ၏ အာမခံအမျိုးအစားအလိုက် ချေးငွေထုတ်ချေးထားမှုပမာဏပြဇယား**

| စဉ် | အာမခံအမျိုးအစားများ | စုစုပေါင်းချေးငွေ | |
|---|---|---|---|
| | | ပမာဏ (ကျပ်သန်း) | ရာခိုင်နှုန်း |
| ၁။ | မြေနှင့်အဆောက်အဦး | ၂,၀၆၆,၃၅၀.၄၂ | ၈.၅၃ |
| ၂။ | ရေနှင့်ရေထည်ပစ္စည်း | ၂,၇၃၁,၄၇၆.၁၈ | ၁၁.၂၇ |
| ၃။ | စာရင်းသေအပ်ငွေ | ၇,၂၄၇,၀၀၅.၉၈ | ၂၉.၉၁ |
| ၄။ | စက်/ကုန်ပစ္စည်း | ၅၃၇,၄၁၃.၃၁ | ၂.၂၂ |
| ၅။ | လူပုဂ္ဂိုလ်/အဖွဲ့အစည်း | ၃,၄၉၂,၄၅၈.၄၀ | ၁၄.၄၂ |
| ၆။ | အထွေထွေ | ၃,၂၄၆,၈၁၅.၂၅ | ၁၃.၄၀ |
| ၇။ | အာမခံမဲ့ | ၄,၂၁၂,၁၂၄.၉၄ | ၁၇.၃၉ |
| ၈။ | အိမ်ယာချေးငွေ | ၆၄၁,၃၈၇.၈၃ | ၂.၆၅ |
| ၉။ | SME | ၅၁,၁၂၄.၂၁ | ၀.၂၁ |
| စုစုပေါင်း | | ၂၄,၂၂၆,၁၀၇.၂၈ | ၁၀၀ |

## ၃.၁၁ ပုဂ္ဂလိကဘဏ်များ၏လုပ်ငန်းဆောင်ရက်မှုအခြေအနေ

ပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုအခြေအနေသည် ဘဏ်ခွဲအရေအတွက်အားဖြင့်လည်းကောင်း၊ အပ်ငွေလက်ခံရရှိမှု၊ ချေးငွေထုတ်ချေးထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်များ တိုးတက်လာမှုအနေအထားဖြင့်လည်းကောင်း၊ လုပ်ငန်းအရယ်အစား တဖြည်းဖြည်းတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းအပ်ငွေမှာ ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့်နှိုင်းယှဉ်ပါက ကျပ် ၂၆,၅၆၀,၈၂၆.၈၇ သန်းမှ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ကျပ် ၃၁,၁၂၉,၈၄၆.၇၄ သန်းအထိ တိုးတက်လာသည်ကို တွေ့ရှိရပြီး၊ ပမာဏအားဖြင့် ကျပ် ၄,၅၆၉,၀၁၉.၈၇ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၇.၂၀ % တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထို့အတူ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေမှာလည်း ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့်နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ကျပ် ၃,၄၃၅,၄၅၆.၆၅ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၉.၅၅ %၊ ရရန်ပိုင်ခွင့်များတွင် ကျပ် ၅,၃၉၁,၂၂၇.၂၀ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၈.၀၃ % တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းအပ်ငွေ၊ ချေးငွေ၊ စုစုပေါင်းရရန်ပိုင်ခွင့်တို့အား အောက်ပါ ပုံ(၁၆) ဖြင့် ဖော်ပြအပ်ပါသည်။

ပုံ-၁၆ ပုဂ္ဂလိကဘဏ်များ၏ဘဏ်လုပ်ငန်းဆောင်ရက်မှုအခြေပြဂရပ်



## 3.10 Security-wise Loan and Advances


Loan and advances disbursed by the banks are backed by the various securities. At the reporting period, 29.91 % of the total loan and advances were secured by fixed Deposit, followed by Unsecure and personal and organization guarantee as collateral at 17.39 % and 14.42 %. The below table (16) shows the security-wise loan and advances position of the banks at 30-9-2018.

**Table (16) shows security used to secure loan and advances of the banks**

| No | Security | Total Loan | |
|---|---|---|---|
| | | Amount (Kyat in Million) | Percentage |
| 1 | Land and Building | 2,066,350.42 | 8.53% |
| 2 | Gold & Gold Ornament | 2,731,476.18 | 11.27% |
| 3 | Fixed Deposit | 7,247,005.98 | 29.91% |
| 4 | Machine and Merchandise | 537,413.31 | 2.22% |
| 5 | Personal and Organization Guarantee | 3,492,458.40 | 14.42% |
| 6 | Miscellaneous | 3,246,815.25 | 13.40% |
| 7 | Unsecure | 4,212,124.94 | 17.39% |
| 8 | Real Estate | 641,387.83 | 2.65% |
| 9 | SME | 51,124.21 | 0.21% |
| **Total** | | **24,226,107.28** | 100% |


## 3.11 Scope of Private Banks Operation

Size of the private banking industry has been growing gradually in terms of the number of branches, deposit, loans and total assets. Total deposits of the domestic private banks increased from kyat 26,560,826.87 million to kyat 31,129,846.74 million at 30-9-2018 compared to the previous year 30-9-2017 kyat 4,569,019.87 million, 17.20 % of total system deposit growth over the period. Similarly, loan and advances of the domestic private banks increased by kyat 3,435,456.65 million, 19.55 % and total assets of the domestic private banks increased by kyat 5,391,227.20 million, 18.03 % at 30-9-2018 compared to the previous year 30-9-2017. The following chart (16) shows deposits, loans and advances and total assets of private sector banks.




## ၃.၁၂ နိုင်ငံခြားဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုအခြေအနေ

နိုင်ငံခြားဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်၏ စုစုပေါင်း အပ်ငွေမှာ ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့်နှိုင်းယှဉ်ပါက ကျပ် ၃,၀၂၁,၈၂၈.၀၈ သန်းမှ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ကျပ် ၄,၁၉၀,၇၆၄.၁၁ သန်းအထိ တိုးတက်လာပြီး၊ ပမာဏအားဖြင့် ကျပ် ၁,၁၆၈,၉၃၅.၉၃ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၃၈.၆၈ % တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထို့အတူ နိုင်ငံခြားဘဏ်များ၏ ချေးငွေမှာလည်း ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့် နှိုင်းယှဉ်ပါက ၃၀-၉-၂၀၁၈ ရက်နေ့တွင် ကျပ် ၆၉၇,၁၅၉.၀၈ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၆၃.၆၂ % တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ အလားတူ နိုင်ငံခြားဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်များမှာ ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့်နှိုင်းယှဉ်ပါက ၃၀-၉-၂၀၁၈ ရက်နေ့တွင် ကျပ် ၁,၂၈၈,၃၉၉.၇၅ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၂၃.၁၆ % တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ နိုင်ငံခြားဘဏ်များ၏ စုစုပေါင်းအပ်ငွေ၊ ချေးငွေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်များအား အောက်ပါပုံ(၁၇) ဖြင့် ဖော်ပြအပ်ပါသည်။





## ၃.၁၃ ပုဂ္ဂလိကဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအခြေအနေ

ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များမှထားရှိရမည့် စုစုပေါင်းမတည်ရင်းနှီးငွေအခြေအနေ လုံလောက်မှုရှိရန် ကြီးကြပ်လျက်ရှိပါသည်။ ဘဏ်များသည် မတည်ငွေရင်းလုံလောက်မှုအချိုးနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်းအရ အလွှာ(၁) မတည်ငွေရင်းအချိုးသည် ၄ % နှင့် စုစုပေါင်းမတည်ငွေရင်းလုံလောက်မှုအချိုးသည် အနည်းဆုံး ၈ % ထက်မနည်း ထိန်းသိမ်း ထားရှိရမည် ဖြစ်ပါသည်။ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ အလွှာ(၁) မတည်ငွေရင်းအချိုးပြည့်မီပြီး စုစုပေါင်းမတည်ငွေရင်းလုံလောက်မှုအချိုး ပျမ်းမျှ ၇.၁၇ % ရှိကြောင်း တွေ့ရှိရပါသည်။ မတည် ငွေရင်းပြည့်မီမှုမရှိသည့် ဘဏ်အချို့ကို ၎င်းတို့၏ ဒါရိုက်တာအဖွဲ့/စီမံခန့်ခွဲသူများနှင့်တွေ့ဆုံပြီး မတည်ငွေရင်းအား အချိန် ကာလသတ်မှတ်ချက်နှင့်အညီ တင်ပြစေပြီး၊ လိုက်နာဆောင်ရက်မှုရှိမရှိ အနီးကပ်ကြီးကြပ်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာအဖွဲ့သို့ တင်ပြပြီး၊ Supervisory process နှင့်အညီ corrective action ဆောင်ရက်ခြင်းတို့ကို လုပ်ဆောင်လျက် ရှိရာ ဘဏ်များကလည်း လိုက်နာဆောင်ရက်လျက်ရှိပါသည်။




### 3.12 Scope of Foreign Banks Operation

Total deposits of the 13 Foreign banks increased from kyat 3,021,828.08 million to kyat 4,190,764.01 million at 30-9-2018 compared to the previous year 30-9-2017 kyat 1,168,935.93 million, 38.68 % of total system deposit growth over the period. Similarly, loan and advances of the Foreign banks increased to kyat 697,159.08 million, 63.62 % at 30-9-2018 compared to the previous year 30-9-2017. Likewise, total assets of the Foreign banks increased to kyat 1,288,399.75 million, 23.1 % at 30-9-2018 compared to the previous year 30-9-2017. The following chart (17) shows deposits, loans and advances and total assets of the foreign banks.




### 3.13 Capital Adequacy Requirement of Private Banks

To protect the depositors, Central Bank of Myanmar supervises the position of total capital adequacy of banks. According to the Capital Adequacy Regulation dated on July, 2017, banks are required to maintain the minimum Tier I Capital Adequacy Ratio is 4% and the Regulatory Capital Adequacy ratio of not less than 8 %. At the 30-9-2018, all domestic private banks meet the minimum Tier I Capital Adequacy Ratio and the Regulatory Capital Adequacy ratio stood at 7.17 %. Central Bank of Myanmar has continuous met with some banks' Board of Directors and Management and closely monitored with these banks that have not met the minimum capital requirement. CBM demanded banks to submit the capital improvement plan with the specified time frame. FISD also submitted for these matters to CBM BOD meeting with supervisory comments to take the corrective action according to the supervisory process. These banks are trying to comply with the capital requirements.



## ၃.၁၄ ပုဂ္ဂလိကဘဏ်များ၏ ရရန်ပိုင်ခွင့်အရည်အသွေးနှင့် အရင်း/အတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေများ


ဘဏ်တစ်ဘဏ်၏ ကြုံတွေ့ရသောပြဿနာအခြေအနေအား ခွဲခြားရာတွင် အဓိကအရေးကြီးသော ညွှန်းကိန်းမှာ ၎င်းဘဏ်မှရရန်ပိုင်ခွင့်များ၏အရည်အသွေးကိုဖော်ပြသော အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေနှင့် စုစုပေါင်းချေးငွေအချိုး (NPL Ratio) တို့ဖြစ်ပါသည်။ ပုဂ္ဂလိကဘဏ်များ၏ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သော ချေးငွေပမာဏသည် ယခင် ၃၀-၉-၂၀၁၇ ရက်နေ့နှင့်နှိုင်းယှဉ်ပါက ၃၀-၉-၂၀၁၈ ရက်နေ့တွင် အနည်းငယ်မြင့်မားလာပါသည်။ ယင်းသို့ မြင့်မားရခြင်းမှာ ၇-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက် ၁၇/၂၀၁၇ တွင် NPL day past due ကို ရက်ပေါင်း ၁၈၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းနှင့် ချေးငွေအာမခံအား Collateral အပိုင်းသာမက Cash Flow Statement များ၊ Business Plan များအရ Movable Assets များအခြေခံ၍ Financing ပေးရန် ခွင့်ပြုစိစစ်ခြင်းကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

## ၃.၁၅ စီမံခန့်ခွဲမှုအခြေအနေ


ကောင်းမွန်သောစီမံခန့်ခွဲမှုဟူသည် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ငန်းခိုင်မာတောင့်တင်းမှုအတွက် အရေးကြီးဆုံးဖြစ်ပါသည်။ စီမံခန့်ခွဲမှုအရည်အသွေးကိုဖော်ညွှန်းသော ညွှန်ကိန်းသည် အဖွဲ့အစည်းတစ်ခုချင်းအလိုက် တိတိကျကျသတ်မှတ်နိုင်သော်လည်း ကဏ္ဍတစ်ခုလုံးအတွက် လွယ်ကူစွာစုစည်းသတ်မှတ်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ကောင်းမွန်သောစီမံခန့်ခွဲမှု၏ လက္ခဏာရပ်များသည် သဘာဝအားဖြင့် အရည်အသွေးပိုင်းနှင့်သက်ဆိုင်ပြီး၊ ငွေရေးကြေးရေးညွှန်ကိန်းများအတွက် အခြေခံကျသည့်အတွက် အဆုံးစွန်ကောက်ချက်ချနိုင်မှုသည် အခက်အခဲရှိပါသည်။ သို့ရာတွင် စုစုပေါင်းအသုံးစရိတ်နှင့် စုစုပေါင်းဝင်ငွေအချိုးသည် ယေဘုယျအားဖြင့် စီမံခန့်ခွဲမှုအားတိုင်းတာတွက်ချက်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အသုံးစရိတ်နှင့်ဝင်ငွေအချိုးမြင့်မားမှုသည် လုပ်ငန်းစွမ်းဆောင်ရည်မပြည့်ဝမှုကို ဖော်ညွှန်းပြီး၊ စီမံခန့်ခွဲမှုအပိုင်းတွင် အားနည်းချက်များ ရှိနိုင်ပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဝင်ငွေနှင့်အသုံးစရိတ် အခြေအနေအား အောက်ဖော်ပြပါပုံ (၁၉) နှင့် ပုံ(၂၀) တို့တွင် လေ့လာနိုင်ပါသည်။

ပုံ - ၁၉ ပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေနှင့်အသုံးစရိတ်အခြေပြဂရပ်




ပုံ - ၂၀ နိုင်ငံခြားဘဏ်များ၏ဝင်ငွေနှင့်အသုံးစရိတ်အခြေပြဂရပ်




## ၃.၁၆ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှုအခြေအနေ

ဘဏ်တစ်ဘဏ်၏ အားကောင်းသော ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှုအခြေအနေသည် ဘဏ်၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဘဏ်လုပ်ငန်းတိုးတက်ကောင်းမွန်ရေးအတွက် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် လုပ်ငန်းတွင်း ဆုံးရှုံးနိုင်ခြေများအားလျော့နည်းစေပြီး လုံလောက်သောမတည်ရင်းနှီးငွေထည့်ဝင်နိုင်ခြင်း၊ လုပ်ငန်းချဲ့ထွင်နိုင်ခြင်းနှင့် အစုရှယ်ယာရှင်များအား လုံလောက်သောအမြတ်ခွဲဝေမှု ပေးနိုင်ပါသည်။ ဝင်ငွေနှင့်အမြတ်ခွဲဝေမှုအား တိုင်းတာရာတွင် နည်းလမ်းများစွာရှိသော်လည်း အကောင်းဆုံးနှင့်အများဆုံးအသုံးပြုသည့် ရည်ညွှန်းကိန်းမှာ မတည်ငွေရင်းအပေါ်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROE) နှင့် စုစုပေါင်းရရန်ပိုင်ခွင့်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROA) တို့ပင် ဖြစ်ပါသည်။


## 3.14 Asset Quality and Non–Performing Loans of Private Banks


The most important indicator intended to identify problems with asset quality in the loan portfolio is the ratio of non–performing loans (NPLs) to total loans. According to previous instruction 17/2017 dated on 7–7–2017, days past due of the NPL was changed to 180 days, the need of collateral for bank's loan, to provide financing based on Movable Assets according to Cash Flow Statements and Business plans. So, when compare with 30–9–2017, the non–performing loans of private banks slightly increased in 30–9–2018.

## 3.15 Management

Sound management is the most important for the strength and growth of financial institution. Since indicators of management quality are primarily specific to individual institution, these cannot be easily aggregated across the sector. In addition, it is difficult to draw any conclusion regarding management soundness on the basis of monetary indicators, as characteristics of a good management are rather qualitative in nature. Nevertheless, the ratio of total expenditure to total income is generally used to gauge management soundness. In particular, a high and increasing expenditure to income ratio indicates the operating inefficiency that could be due to flaws in management.

The following charts (19, 20) show aggregate position of income and expenditure of all private banks and foreign banks.






## 3.16 Earnings and Profitability of Private Banks and Foreign Banks

Strong earnings and profitability profile of a bank reflect its ability to support present and future operations. More specifically, this determines the capacity to absorb losses by building an adequate capital base, finance its expansion and pay adequate dividends to its shareholders. Although there are various measures of earnings and profitability, the best and widely used indicator is Return on Equity (ROE), which is supplemented by Return on Assets (ROA).


ဝင်ငွေနှင့်ပတ်သက်၍ တိုင်းတာရာတွင် မတည်ငွေရင်းအပေါ်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROE) နှင့် စုစုပေါင်းရရန်ပိုင်ခွင့်တွင် အမြတ်ပြန်လည်ရရှိနိုင်မှုအခြေအနေ (ROA) တို့မှာ ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ကွာခြားမှုကြီးမား ကြောင်း တွေ့ရှိရပါသည်။ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ပြည်တွင်းဘဏ်ပုဂ္ဂလိကဘဏ် (၂) ဘဏ်နှင့် နိုင်ငံခြားဘဏ် (၂) ဘဏ် တို့တွင် အရှုံးဖြစ်ပေါ်ခဲ့သော်လည်း ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၌ ကျပ် ၁၂၆,၃၁၃.၉၂ သန်းဖြင့် အမြတ်ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှုအခြေအနေတို့အား အောက်ပါပုံ(၂၁)နှင့် ပုံ(၂၂) တို့ဖြင့်လည်းကောင်း၊ နိုင်ငံခြားဘဏ်ခွဲများ၏ ဝင်ငွေနှင့်အမြတ်ရရှိနိုင်မှုအခြေအနေအား တဖက်ပါပုံ(၂၃)နှင့် ပုံ(၂၄) တို့ဖြင့်လည်းကောင်း ဖော်ပြ အပ်ပါသည်။




ပုံ - ၂၁ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းအမြတ်ရရှိမှုအခြေပြဂရပ်



ပုံ - ၂၂ ပုဂ္ဂလိကဘဏ်များ၏အမြတ်ရရှိမှုအခြေအနေ




ပုံ - ၂၃ နိုင်ငံခြားဘဏ်ဘဏ်ခွဲများ၏စုစုပေါင်းအမြတ်ရရှိမှုအခြေပြဂရပ်




ပုံ - ၂၄ နိုင်ငံခြားဘဏ်ခွဲများ၏အမြတ်ရရှိမှုအခြေအနေ

## ၃.၁၇ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ဘဏ်ခွဲများ၏ ငွေကြေးလွယ်ကူမှုအခြေအနေ

ဘဏ်များအတွက် အနည်းဆုံးငွေကြေးလွယ်ကူမှုအချိုးလိုအပ်ချက်မှာ ၂၀ % ရှိရမည်ဖြစ်ပြီး၊ ၃၀-၉-၂၀၁၈ ရက်နေ့ တွင် ပုဂ္ဂလိကဘဏ်များမှ ငွေကြေးလွယ်ကူမှုအချိုး ပြည့်မီကြောင်း တွေ့ရှိရပါသည်။ ပုံ(၂၅)နှင့် ပုံ(၂၆)တို့သည် ၃၀-၉-၂၀၁၇ ရက်နေ့နှင့် ၃၀-၉-၂၀၁၈ ရက်နေ့ရှိ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ဘဏ်ခွဲများ၏ စုစုပေါင်းရရန်ပိုင်ခွင့်နှင့် ငွေဖြစ် လွယ်သောရရန်ပိုင်ခွင့်အခြေအနေတို့ကို ဖော်ပြထားပါသည်။



ပုံ - ၂၅ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်နှင့် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်အခြေပြဂရပ်



ပုံ - ၂၆ နိုင်ငံခြားဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်နှင့် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်အခြေပြဂရပ်

Earnings as measured by Return on Equity (ROE) and Return on Assets (ROA) vary largely within the banking industry. Although 2 Domestic Private banks and 2 Foreign banks made loss as at 30-9-2018, total banking sector made profit kyat 126,313.92 million. The charts (21, 22) show earning and profitability of domestic private banks and (23, 24) show earning and profitability of foreign banks.




Chart – 21
Total Net Profit of Private Banks




Chart – 22
Profitability of Private Banks




Chart – 23
Total Net Profit of Foreing Banks




Chart – 24
Profitability of Foreign Banks

## 3.17 Liquidity Position of Private Banks and Foreign Banks

The minimum liquidity ratio requirement for banks remained 20 percent and all banks satisfied the minimum liquidity requirement at the end of September 2018. The position of liquid assets and total assets of the private banks and foreign banks at 30-9-2017 and 30-9-2018 are shown by the following charts 25, 26.




Chart – 25
Liquid Assets and Total Assets of Private Banks





Chart – 26
Liquid Assets and Total Assets of Foreign Banks

## ၃.၁၈ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဈေးကွက်အစုရှယ်ယာအခြေအနေ


အောက်ဖော်ပြပါပုံ(၂၇)သည် ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံးရှိ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများ၏ ဈေးကွက်တွင်းရှိစုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေများအား ဖော်ပြထားခြင်းဖြစ်ပါသည်။ ၃၀-၉-၂၀၁၈ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်များသည် ဘဏ်စနစ်တစ်ခုလုံးရှိ စုစုပေါင်းရရန်ပိုင်ခွင့်များ၏ ၅၇.၆၇ % ပိုင်ဆိုင်ပြီး၊ နိုင်ငံပိုင်ဘဏ်များသည် ၃၁.၁၄ % နှင့် နိုင်ငံခြားဘဏ်ခွဲများသည် ၁၁.၁၉ % သာ ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

ပုံ - ၂၇ နိုင်ငံပိုင်ဘဏ်၊ပုဂ္ဂလိကဘဏ်များနှင့်နိုင်ငံခြားဘဏ်ခွဲများ၏ စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေ





အောက်ဖော်ပြပါ ပုံ(၂၈) နှင့် (၂၉) တို့သည် ပုဂ္ဂလိကဘဏ်နှင့် နိုင်ငံခြားဘဏ်ခွဲများ တစ်ဘဏ်ချင်းစီ၏ ဈေးကွက်တွင်းရှိ စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေများအား ဖော်ပြထားခြင်းဖြစ်ပါသည်။

ပုံ - ၂၈ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်များ




ပုံ - ၂၉ နိုင်ငံခြားဘဏ်ခွဲများ၏ စုစုပေါင်းရရန်ပိုင်ခွင့်များ




## ၃.၁၉ ဘဏ်များမှ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ အစီရင်ခံတင်ပြခြင်း


ဘဏ်စနစ်တစ်ခုလုံး လုံခြုံခိုင်မာမှုရှိစေရန်အလို့ငှာ ဘဏ်များသည် အောက်ဖော်ပြပါ ငွေရေးကြေးရေးအခြေအနေများကို ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ ပေးပို့ရပါသည်-

| | |
|---|---|
| **နေ့စဉ်ပေးပို့ရမည့်အစီရင်ခံစာများ။** | မတည်ရင်းနှီးငွေ၊ အပ်ငွေ၊ ချေးငွေ၊ ငွေလွှဲဆောင်ရက်မှု၊ ဝင်ငွေနှင့်အသုံးစရိတ်၊ အစိုးရငွေချေးသက်သေခံလက်မှတ်များပိုင်ဆိုင်မှု၊ ငွေဝင်/ငွေထွက်စာရင်း၊ အစမ်းရှင်းတမ်းအခြေအနေနှင့် နေ့စဉ်ထိန်းသိမ်းရမည့် နိုင်ငံခြားငွေကြေးအခြေအနေ၊ |
| **အပတ်စဉ်ပေးပို့ရမည့်အစီရင်ခံစာများ။** | ငွေကြေးလွယ်ကူမှုအချိုး၊ |
| **လစဉ်ပေးပို့ရမည့်အစီရင်ခံစာများ။** | ဝင်ငွေနှင့်အသုံးစရိတ်အခြေအနေ၊ လက်ကျန်ရှင်းတမ်း၊ မတည်ငွေရင်းလုံလောက်မှုအချိုးနှင့် ရရန်ပိုင်ခွင့်အမျိုးအစားခွဲခြားခြင်းနှင့် လျာထားခြင်းစာရင်း၊ |
| **သုံးလတစ်ကြိမ်ပေးပို့ရမည့်အစီရင်ခံစာများ။** | ပမာဏကြီးမားသောကြွေးမြီများစာရင်း၊ ကဏ္ဍအလိုက်ထုတ်ချေးငွေစာရင်းနှင့် အာမခံအမျိုးအစားအလိုက်ချေးငွေစာရင်း၊ |
| **နှစ်စဉ်ပေးပို့ရသောအစီရင်ခံစာများ။** | ဘဏ်၏နှစ်ချုပ်အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာ။ |

## 3.18 Market Share of State Banks, Private Banks and Foreign Banks

The following chart 27 shows the share of State Banks, Private Banks and Foreign Banks in terms of total assets. Private Banks held 57.67 % of the banking system's total assets, while State Banks only 31.14 % and Foreign Banks 11.19 % as the end of September 2018.

Chart – 27




The following charts (28), (29) show in terms of total assets share of the individual private and foreign bank branches' shares in the banking industry as the end of September 2018.

Chart – 28






Chart – 29




## 3.19 Banks' Reporting to Financial Institutions Supervision Department

In order to ensure safe and soundness of the banking system, banks are also required to send the following financial positions to Financial Institutions Supervision Department (FISD);

**Daily Report:** Capital, deposits, loans, remittance transactions, income and expenditure, free government treasury bonds, inflow/outflow of cash, consolidated trial balance and net open foreign currency position.

**Weekly Report:** liquidity ratio.

**Monthly Report:** Income and expenditure statement, balance sheet, capital adequacy ratio and Asset Classification and Provision.

**Quarterly Report:** Large Exposure and security-wise and sector-wise loan.

**Annual Report:** Bank's annual report and external audit report.

## ၃.၂၀ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း

ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဘဏ်လုပ်ငန်းကဏ္ဍတောင့်တင်းခိုင်မာစေရန်၊

(ခ) ဘဏ်လုပ်ငန်းစနစ်အတွင်း ဘဏ်များ၏ လုပ်ငန်းဆောင်ရက်မှုများနှင့် ၎င်းတို့၏ ငွေရေးကြေးရေးအခြေအနေကို ကြီးကြပ်ရန်၊

(ဂ) မှန်ကန်သောအရေးယူဆောင်ရက်မှုကို အချိန်မီပြုလုပ်နိုင်ရန်အတွက် ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန်၊

(ဃ) ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်ရန်။

ကွင်းဆင်းကြီးကြပ်စစ်ဆေးရေးအဖွဲ့များသည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရက်ချက်များ၏ တိကျမှန်ကန်မှုကို စစ်ဆေးအတည်ပြုခြင်းဖြင့် ဘဏ်များ၏ လုပ်ငန်းအခြေအနေများနှင့် ငွေရေးကြေးရေးဆောင်ရက်ချက်များကို ဖော်ထုတ်ရန်ရည်ရွယ်၍ ဘဏ်များ၏ ရုံးချုပ်နှင့် ဘဏ်ခွဲများကို ကြီးကြပ်စစ်ဆေးပါသည်။

ကွင်းဆင်းကြီးကြပ်စစ်ဆေးရာတွင် ဘဏ်များမှ ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာအချိုးများအား မှန်ကန်စွာ တွက်ချက်ထားခြင်းရှိမရှိ သိရှိနိုင်ရန် ငွေရေးကြေးရေးဆိုင်ရာကိန်းဂဏန်းများကို စစ်ဆေးခြင်း၊ ဘဏ်၏ စီမံခန့်ခွဲမှုအရည်အသွေးကို စိစစ်ခြင်း၊ ဘဏ်၏အမြတ်ရရှိမှုအခြေအနေများ၊ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေအချိုးများ၊ မတည်ငွေရင်းနှင့် ရရန်ပိုင်ခွင့်အချိုးများကို နှိုင်းယှဉ်ခြင်း၊ ဘဏ်၏ ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုစနစ်များကို စစ်ဆေးခြင်း၊ ထပ်မံစစ်ဆေးရန် လိုအပ်သည့် ထူးခြားသောအချက်များကို ဖော်ထုတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေရှိသောနယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ လိုက်နာဆောင်ရက်မှုအခြေအနေတို့ကို စိစစ်ခြင်းတို့ပါဝင်ပါသည်။

ကွင်းဆင်းကြပ်မတ်စစ်ဆေးသူများသည် ဘဏ်များအား ကြီးကြပ်စစ်ဆေးရာတွင် မတည်ငွေရင်းလုံလောက်မှု (Capital Adequacy)၊ ရရန်ပိုင်ခွင့် (Assets Quality)၊ စီမံခန့်ခွဲမှုအရည်အချင်း (Management)၊ ဝင်ငွေရရှိနိုင်မှုအခြေအနေ (Earnings) နှင့် ငွေဖြစ်လွယ်မှုအခြေအနေ (Liquidity) တို့ပါဝင်သည့် CAMEL ဖြင့် အဆင့်သတ်မှတ်သည့်နည်းလမ်းကို အသုံးပြုပါသည်။

မတည်ငွေရင်းလုံလောက်မှုသည် ဆုံးရှုံးနိုင်ခြေအမျိုးအစားများ၏ သဘောသဘာဝနှင့် လိုက်လျောညီထွေရှိမည့် မတည်ငွေရင်းကို ထိန်းသိမ်းနိုင်သည့် အဖွဲ့အစည်း၏စွမ်းရည်နှင့် အဆိုပါဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်း၊ တိုင်းတာခြင်း၊ ထိန်းသိမ်းကြီးကြပ်ခြင်းနှင့် ထိန်းချုပ်နိုင်ခြင်းရှိသည့် စီမံခန့်ခွဲမှုတို့၏ အရည်အသွေးတို့ကို ဖော်ပြပါသည်။ မတည်ငွေရင်းလုံလောက်မှုကို အကဲဖြတ်ရာတွင် ချေးငွေ၊ ဈေးကွက်၏ အကျိုးသက်ရောက်မှုနှင့် အဖွဲ့အစည်း၏ ငွေရေးကြေးရေးအခြေအနေနှင့်ပတ်သက်သော ဆုံးရှုံးနိုင်ခြေများကိုပါ ထည့်သွင်းစဉ်းစားရန် လိုပါသည်။

ရရန်ပိုင်ခွင့်များ၏ အရည်အသွေးကိုစစ်ဆေးရာတွင် ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှုများ၊ ပုံသေပိုင်ပစ္စည်းများနှင့် အခြားရရန်ပိုင်ခွင့်များနှင့်ပတ်သက်၍ လက်ရှိနှင့်အနာဂတ်ချေးငွေဆုံးရှုံးနိုင်ခြေကို ကြီးကြပ်စစ်ဆေးပါသည်။ ရရန်ပိုင်ခွင့်များ၏ အရည်အသွေးကို အကဲဖြတ်ရာတွင် ချေးငွေဆုံးရှုံးမှုများအတွက် လုံလောက်သောလျာထားမှု၊ သဘောတူညီချုပ်ဆိုထားသော စာချုပ်စာတမ်းအရ ကြားခံပုဂ္ဂိုလ်၊ ငွေချေးယူသူတို့၏ ပျက်ကွက်မှုတို့ကို အလေးပေးထည့်သွင်းစဉ်းစားရန် လိုပါသည်။

စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အဖွဲ့အစည်းတစ်ခုအတွင်းရှိ ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို စိစစ်ပြီး ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းဆောင်ရက်ချက်များမှ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်း၊ တိုင်းတာခြင်း၊ ထိန်းသိမ်းကြီးကြပ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့်သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ခိုင်မာစိတ်ချစွာနှင့် ထိရောက်စွာ လုပ်ငန်းဆောင်ရက်ရာအတွက် ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုပိုင်း၏ စွမ်းဆောင်ရည်နှင့် ၎င်းတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများကို စစ်ဆေးရန်လိုအပ်ပါသည်။

## 3.20 On–site Examination

The main objectives of on–site supervision are as follows:

a) To ensure the health of the banking sector,

b) To monitor the performance of individual banks and their position in the banking system,

c) To identify problems for taking corrective measures action in time,

d) To minimize risks.

On–Site examination teams inspect HQs and branches of banks for the purposes of reflecting and determining the financial performance and the overall conditions of banks by checking and verifying the truthfulness and correctness of banks' financial operations and activities.

On–Site examination involved analyzing the financial data whether they are in line with the supervisory ratios, analysis the quality of bank's management performance, comparing the bank's profit trends, NPL ratios, capital to assets ratios, its internal control system, finding out significant finding which requires further investigation, identifying problematic areas and analysis of whether the bank compliance with the AML/CFT requirements.

And On–Site examiners are using the CAMEL rating method upon on the Capital Adequacy, Assets Quality, Management, Earnings and Liquidity.

The capital component signals the institution's ability to maintain capital commensurate with the nature and extent of all types of risk and the ability of the management to identify, measure, monitor and control these risks. The effect of credit, market, and other risks on the institution's financial condition should be considered when evaluating the adequacy of capital.

The asset quality rating monitors the quantity of existing and potential credit risk associated with the loan and investment portfolios, other real estate owned, and other assets. The evaluation of asset quality should consider the adequacy of the allowance for loan and lease losses and weigh the exposure to counterparty, issuer, or borrower default under actual or implied contractual agreements.

The management criticizes to capabilities of individuals within an organization to give strategic direction to business. The capability of the board of directors and management, in their respective roles, to identify, measure, monitor, and control the risks of an institution's activities and to ensure that a financial institution's safe, sound, and efficient operation in compliance with applicable laws and regulations is reflected in this rating.

ဝင်ငွေရရှိနိုင်မှုအခြေအနေသည် ဝင်ငွေရရှိမှုပမာဏနှင့် အလားအလာကိုသာမက ဝင်ငွေစဉ်ဆက်မပြတ် ရရှိစေနိုင်မည့် ဝင်ငွေရရာရင်းမြစ်၏ အရည်အသွေးကိုပါ စစ်ဆေးရန်လိုပါသည်။ ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အားနည်းခြင်းသည် ချေးငွေဆုံးရှုံးမှုနှင့် ချေးငွေဆုံးရှုံးမှုလျာထားမှုများတိုးလာစေပြီး ထိုမှတစ်ဆင့် ဝင်ငွေရရှိမှုပမာဏနှင့် ဝင်ငွေအရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။

ငွေဖြစ်လွယ်မှုသည် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ လက်ရှိနှင့် အနာဂတ်ငွေဖြစ်လွယ်မှု အရင်းအမြစ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အရယ်အစား၊ ရှုပ်ထွေးမှုနှင့် ဆုံးရှုံးနိုင်ခြေအနေအထားနှင့်ဆက်စပ်သည့် ရန်ပုံငွေစီမံခန့်ခွဲမှု နည်းလမ်းများ၏ ပြည့်စုံလုံလောက်မှုကို စိစစ်အကဲဖြတ်ရန် လိုပါသည်။

ထို့အပြင် ဘဏ်တစ်ဘဏ်ချင်းစီအား ကြီးကြပ်စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိထားသည့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်များ၊ စည်းမျဉ်းများ၊ အခြားကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရက်မှုမရှိသည့်ကိစ္စရပ်များ တိုးတက်မှုအခြေအနေကို ထိန်းသိမ်းကြီးကြပ်ရန် အတွက် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ သင့်လျော်သော နည်းလမ်းတို့ကို ချမှတ်လုပ်ဆောင်ပါသည်။

ကွင်းဆင်းကြီးကြပ်စစ်ဆေးသူများသည် ဘဏ်တစ်ဘဏ်ချင်းစီတွင်ဖြစ်ပေါ်နေသည့်ဆုံးရှုံးနိုင်ခြေများကိုအခြေခံသည့် Risk Based Supervision နည်းလမ်းဖြင့် CAMEL Rating Guide ကိုအသုံးပြုကာ ဘဏ်များကို အဆင့်သတ်မှတ်၍ စစ်ဆေးသည့်အပြင် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိနှင့် ဘဏ်များမှ နိုင်ငံခြားသုံးငွေလုပ်ငန်းများ ဆောင်ရက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရက်မှု ရှိ/မရှိ နှင့် နေ့စဉ်ထိန်းသိမ်းရမည့် နိုင်ငံခြားငွေလက်ကျန်အခြေအနေသည် သတ်မှတ်ထားသောရာခိုင်နှုန်းအတွင်း ရှိ/မရှိ ကြီးကြပ်စစ်ဆေးပါသည်။

ကွင်းဆင်းကြီးကြပ်စစ်ဆေးရေးဌာနခွဲအနေဖြင့် ၁-၄-၂၀၁၈ ရက်နေ့မှ ၃၀-၉-၂၀၁၈ ရက်နေ့ကာလအတွင်း ပုဂ္ဂလိကဘဏ်(၁)ဘဏ်နှင့် နိုင်ငံခြားဘဏ်(၈)ဘဏ်တို့၏ စာရင်းများနှင့် လုပ်ငန်းဆောင်ရက်မှုအခြေအနေတို့ကို အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း ကြီးကြပ်စစ်ဆေးခဲ့ပြီး ဘဏ်များအနေဖြင့် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာပါ ပြုပြင်လိုက်နာဆောင်ရက်ရန်လိုအပ်သောအချက်များကို တစ်လအတွင်း ပြုပြင်ဆောင်ရက်ရန်အတွက် ဘဏ်များသို့ အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။ ၁-၄-၂၀၁၈ ရက်နေ့ မှ ၃၀-၉-၂၀၁၈ ရက်နေ့ကာလအတွင်း ကြီးကြပ်စစ်ဆေးခဲ့သော ပုဂ္ဂလိကဘဏ်နှင့် နိုင်ငံခြားဘဏ်ခွဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မြန်မာအရှေ့တိုင်းဘဏ်

(၂) Bank for Investment and Development of Vietnam (BIDV)

(၃) Sumitomo Mitsui Banking Corporation (SMBC)

(၄) Bank of Tokyo Mitsubishi UFJ (BTMU)

(၅) United Overseas Bank (UOB)

(၆) Australia and New Zealand Banking Group (ANZ)

(၇) Industrial and Commercial Bank of China (ICBC)

(၈) Oversea-Chinese Banking Corporation (OCBC)

(၉) Malayan Banking Berhad (May Bank)

Earning reflects not only the quantity and trend of earnings, but also factors that may affect the sustainability or quality of earnings. The quantity as well as the quality of earnings can be affected by excessive or inadequately managed credit risk that may result in loan losses and require additions to the allowance for loan and lease losses, or by high levels of market risk that may unduly expose an institution's earnings to volatility in interest rates.

Liquidity evaluates the adequacy of a financial institution's liquidity position consideration should be given to the current level and prospective sources of liquidity compared to funding needs, as well as to the adequacy of funds management practices relative to the institution's size, complexity, and risk profile.

Cases of non–compliance with CBM's directives, regulations, and other corporate governance and management weakness revealed in the examination of each bank are conducted appropriate steps to monitor the progress by financial institutions supervision department.

According to each bank risk profile, On–Site examiners are using the CAMEL rating Guide and based on the Risk Based Supervision method upon the rated on banks and also supervise whether they are compliance with Financial Institutions Law. And then, On–Site examiners supervise the foreign exchange operations in compliance with the FEMD Law, rules and regulations, checking within on Net open position, whether they are compliance with the AML/CFT in respect of Account opening or not.

In the period of 1–4–2018 to 30–9–2018, On–Site Supervision Division, Financial Institutions Supervision Department, examined (1) Private Banks and (8) Foreign banks according to the methods mentioned above and issues examination report to these banks to comply with the requirements within one month are as follows:

(1) Myanmar Oriental Bank

(2) Bank for Investment and Development of Vietnam (BIDV)

(3) Sumitomo Mitsui Banking Corporation (SMBC)

(4) Bank of Tokyo Mitsubishi UFJ (BTMU)

(5) United Overseas Bank (UOB)

(6) Australia and New Zealand Banking Group (ANZ)

(7) Industrial and Commercial Bank of China (ICBC)

(8) Oversea–Chinese Banking Corporation (OCBC)

(9) Malayan Banking Berhad (May Bank)

## ၃.၂၁ Risk-based Supervision ဆောင်ရက်နေမှုများ

ဗဟိုဘဏ်အနေဖြင့် ဘဏ်များကိုကြီးကြပ်စစ်ဆေးရာတွင် လက်ရှိကျင့်သုံးနေသည့် Compliance-based Supervision မှ Risk-based Supervision သို့ ပြောင်းလဲကျင့်သုံးရန်အတွက် IMF ၏ နည်းပညာအကူအညီကို ၂၀၁၈ ခုနှစ်မှစ၍ ရယူခဲ့ပါသည်။ ထို့နောက် ဌာနတွင်း လိုအပ်သည့် Guideline များ၊ User Manual များထုတ်ပြန်ခဲ့၍ ဘဏ်အချို့ကို စမ်းသပ်စစ်ဆေးခဲ့ပြီးနောက် ၂၀၂၀ ခုနှစ်တွင် Risk-based Supervision အပြည့်အဝကျင့်သုံးနိုင်ရန် ရည်မှန်းထားပါသည်။

ယခုပြောင်းလဲကျင့်သုံးမည့် Risk-based Supervision သည် ဘဏ်များ၏ အဓိကဆုံးရှုံးနိုင်ခြေ (Risk Profile) များဖြစ်သည့် Credit Risk, Market Risk, Liquidity Risk, Operational Risk, Legal /Regulatory and Reputational Risk, Strategic risk, Group risk နှင့် Key Financial Ratios များအပေါ်အခြေခံ၍ သတ်မှတ်ခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲသူများအနေဖြင့် အဆိုပါ Risks များအပေါ် မည်မျှခိုင်မာသည့်မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားမှုရှိ/မရှိ၊ အနီးကပ်စောင့်ကြည့်မှုများရှိ/မရှိတို့ကို Internal Control Questionnaire (ICQs) မေးခွန်းများမေးမြန်း၍ Qualitative Assessment နှင့် Quantitative Analysis ကိုပေါင်းစပ်ကာ အကဲဖြတ်စစ်ဆေးမည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆုံးရှုံးမှုအများဆုံးဖြစ်နိုင်သည့်ဘဏ်များအား သတ်မှတ်၍ ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ခြင်း၊ အနီးကပ်စောင့်ကြည့်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်။ ဘဏ်များအနေဖြင့်လည်း မိမိဘဏ်၏ Risk ကို နည်းပါးရန် အစီအမံများကြိုတင်ဆောင်ရက်ထားမှသာ Risk-based Supervision နည်းစနစ်အတွက်ပါ အဆင်သင့်ဖြစ်စေမည်ဖြစ်ကြောင်းနှင့် ပြောင်းလဲနေသည့် မက်ခရိုစီးပွားရေးဝန်းကျင်နှင့်အညီ ငွေရေးကြေးရေးစနစ်၏ အခန်းကဏ္ဍအား ပိုမိုသိမြင်နားလည်ရန်လိုအပ်ပါသည်။

## ၃.၂၂ ဘဏ်တွင်းစာရင်းစစ်ဌာန၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဖွဲ့စည်းပုံအသစ်အရ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် ဘဏ်တွင်းစာရင်းစစ်ဌာနအား ဘဏ်တွင်းစာရင်းစစ်နှင့်ဘဏ်လုပ်ငန်းများကြီးကြပ်စစ်ဆေးရေးဌာနမှခွဲထွက်၍ သီးခြားဖွဲ့စည်းဆောင်ရက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)အရ ဘဏ်တွင်းစာရင်းစစ်ဌာနသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဌာနအသီးအသီး၏ လုပ်ငန်းဆောင်ရက်ချက်များနှင့် စာရင်းများကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်ပြည့်စုံရန် ပုံမှန်စစ်ဆေးဆောင်ရက်လျက်ရှိပါသည်-

**(က) ကြိုတင်စစ်ဆေးခြင်း (နေ့စဉ်၊ အပတ်စဉ်)**

- ဘဏ္ဍာငွေသယ်ယူပို့ဆောင်စရိတ်များ စစ်ဆေးခြင်း၊
- အရာထမ်း၊ အမှုထမ်းများ၏ အငြိမ်းစားပင်စင်အမှုတွဲများအား စစ်ဆေးခြင်း၊
- ခရီးစရိတ်များစစ်ဆေးခြင်း၊
- ငွေစက္ကူဟောင်းများ အပြီးသတ်ဖျက်ဆီးရေးလုပ်ငန်းစဉ်တွင် ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း။

**(ခ) နှောင်းစစ်ဆေးခြင်း (သုံးလပတ်အလိုက်)**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့ရှိ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၏ ဝင်ငွေနှင့်အသုံးစရိတ်စာရင်းများ စစ်ဆေးခြင်း၊
- မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့ရှိ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန၏ ငွေသားလက်ကျန်နှင့် ငွေကြေးစာရင်းများ စစ်ဆေးခြင်း။

ဘဏ်တွင်းစာရင်းစစ်ဌာနသည် IMF ၏ နည်းပညာအကူအညီဖြင့် International Professional Practice Framework (IPPF) နှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ အခြားဌာနများအားလည်း ၎င်းတို့၏လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရက်နိုင်မှုများနှင့်ပတ်သက်၍ စစ်ဆေးသွားမည်ဖြစ်ပါသည်။

### 3.21 Implementation of Risk–based Supervision

Central Bank of Myanmar has received Technical Assistance from IMF since 2018 for adopting Risk–based Supervision from Compliance–based Supervision. After that Financial Institutions Supervision Department issued internal guideline and user manual and testing to some banks by Risk–based Supervision while performing Compliance–based Supervision. Central Bank of Myanmar has a plan to fully adopt Risk–based Supervision in 2020.

New practice of RBS will be focused on identifying the risk profiles of banks. These risks include level of Credit Risk, Market Risk, Liquidity Risk, Operational Risk, Legal/Regulatory and Reputational Risk, Strategic risk, Group risk. Monitoring Key Financial Ratios with forward looking assessments and closely overseeing how the emerging risks are mitigated by Management and Board by using Internal Control Questionnaires (ICQs) of Qualitative Assessment and Quantitative Analysis. Besides, all banks require preparing a greater focus on risks to control the acceptable low level and understanding of the financial system's development in line with the changing of Macroeconomic environments.

### 3.22 The Role of Internal Audit

According to the new organization of the Central Bank of Myanmar, Internal Audit Department was separately established and implemented its duties from the Internal Audit and Bank Supervision Department as the previous one in October 2012.

In accordance with section 36, sub–section (a) of the Central Bank of Myanmar Law, Internal Audit Department has been undertaking regular inspection to all departments of the Central Bank of Myanmar that their functions and accounts are correct, complete, sufficient and reliable with procedures, regulations and instructions–

**(a) Pre Auditing (Daily / Weekly)**

- Expenditure of Remittance of Currency
- Pension Disbursement of Officers and Staffs
- Expenditure of Travelling Allowances
- Taking part as a member in old currency destruction function

**(b) Post Auditing (Quarterly)**

- Income and Expenditure of Administration & Human Resources Department at Nay Pyi Taw, Yangon Branch and Mandalay Branch.
- Cash Balance and Currency Accounts of Currency Management Department at Nay Pyi Taw, Yangon Branch and Mandalay Branch.

In accordance with International Professional Practice Framework (IPPF), Internal Audit Department has a plan to inspect the other departments to make sure implementation of their activities with Technical Assistance from IMF.

# အပိုင်း (၄)
# စီမံခန့်ခွဲခြင်းနှင့် ဖွဲ့စည်းဆောင်ရက်ခြင်း

# Part (IV)
# MANAGEMENT AND ORGANIZATION

**၄.၁ ဒါရိုက်တာအဖွဲ့ (မူဝါဒအဖွဲ့)** ဒါရိုက်တာအဖွဲ့တွင် အဖွဲ့ဝင် (၉) ဦး ပါဝင်သည်။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရက်ပါသည်။ ပုံမှန်အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို (၆) ကြိမ် ကျင်းပခဲ့ပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်များ

| | | |
|---|---|---|
| (၁) | ဦးကျော်ကျော်မောင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးမင်း<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၃) | ဦးစိုးသိန်း<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၄) | ဦးဘိုဘိုငယ်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၅) | ဦးကျော်မင်းထွန်း | အဖွဲ့ဝင် |
| (၆) | ဦးမြင့်သိန်းထွန်း | အဖွဲ့ဝင် |
| (၇) | ဦးစိုးပိုင် | အဖွဲ့ဝင် |
| (၈) | ဒေါ်ရီရီဝင်း | အဖွဲ့ဝင် |
| (၉) | ဒေါ်ခင်မေလှ | အဖွဲ့ဝင် |

**4.1 Board of Directors (Policy Board)** The Board comprises of 9 members. The Board is responsible for the management and the implementation of the policy matters of the Central Bank. The regular meeting of the board convenes at least once a month. The Board held six meetings during April to September in 2018.

## Board of Directors

| | | |
|---|---|---|
| (1) | U Kyaw Kyaw Maung<br>Governor<br>Central Bank of Myanmar | Chairman |
| (2) | U Soe Min<br>Deputy Governor<br>Central Bank of Myanmar | Member |
| (3) | U Soe Thein<br>Deputy Governor<br>Central Bank of Myanmar | Member |
| (4) | U Bo Bo Nge<br>Deputy Governor<br>Central Bank of Myanmar | Member |
| (5) | U Kyaw Min Tun | Member |
| (6) | U Myint Thein Tun | Member |
| (7) | U Soe Paing | Member |
| (8) | Daw Yi Yi Win | Member |
| (9) | Daw Khin May Hla | Member |

## ၄.၂ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဝန်ထမ်းအင်အားစာရင်း

| | |
|---|---|
| ဥက္ကဋ္ဌ | ၁ |
| ဒုတိယဥက္ကဋ္ဌ | ၃ |
| ညွှန်ကြားရေးမှူးချုပ် | ၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁၃ |
| ညွှန်ကြားရေးမှူး | ၂၄ |
| ဒုတိယညွှန်ကြားရေးမှူး | ၃၀ |
| လက်ထောက်ညွှန်ကြားရေးမှူး | ၄၅ |
| ဦးစီးအရာရှိ | ၁၅၂ |
| လုပ်ငန်းအရာရှိ (ငွေတိုက်) | ၁၂ |
| ဆရာဝန် | ၃ |
| အမှုထမ်း | ၁၁၅၈ |
| **စုစုပေါင်း** | **၁၄၄၈** |

## 4.2 Staff Strength of the Central Bank of Myanmar (April to September, 2018)

| | |
|---|---|
| Governor | 1 |
| Deputy Governor | 3 |
| Director General | 7 |
| Deputy Director General | 13 |
| Director | 24 |
| Deputy Director | 30 |
| Assistant Director | 45 |
| Staff Officer | 152 |
| Work Officer (Treasury) | 12 |
| Doctor | 3 |
| Other Staffs | 1158 |
| **Total** | **1448** |

# နောက်ဆက်တွဲ (၁)

# ဝင်ငွေနှင့်အသုံးစရိတ်ရှင်းတမ်း

# Annex (I)

# Income & Expenditure Statement

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ အလုံးစုံပါဝင်သောဝင်ငွေရှင်းတမ်း

| | | ကျပ်သန်းပေါင်း |
|---|---|---|
| | စက်တင်ဘာ ၂၀၁၈ | မတ်လ ၂၀၁၈ |
| *နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုမှရရှိသည့် ဝင်ငွေ* | | |
| အတိုးရငွေ | ၇၈,၃၇၁.၀၈ | ၈၄,၉၁၁.၀၅ |
| နိုင်ငံခြားငွေရောင်းဝယ်ခြင်းမှရရှိသည့်အမြတ်/(အရှုံး) | (၁,၂၇၅.၂၇) | (၁,၈၅၆.၁၉) |
| နိုင်ငံခြားငွေလဲလှယ်နှုန်းအမြတ် | ၅၁၆.၀၃ | ၄၀၇.၆၅ |
| *နိုင်ငံခြားငွေဆိုင်ရာ လုပ်ဆောင်ချက်များမှစုစုပေါင်းဝင်ငွေ* | *၇၇,၆၁၁.၈၄* | *၈၃,၄၆၂.၅၁* |
| *နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုဆိုင်ရာအသုံးစရိတ်* | | |
| အတိုးပေးငွေ | ၂၄၅.၈၅ | ၇၁၂.၄၉ |
| အခြားအသုံးစရိတ်များ | ၃၉၂.၉၂ | ၇၇၀.၁၈ |
| *နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုစုပေါင်းအသုံးစရိတ်* | *၆၃၈.၇၇* | *၁,၄၈၂.၆၇* |
| *နိုင်ငံခြားငွေဆိုင်ရာ အသားတင်အမြတ်* | *၇၆,၉၇၃.၀၇* | *၈၁,၉၇၉.၈၄* |
| *ပြည်တွင်းလုပ်ငန်းဆောင်ရက်မှုမှဝင်ငွေ* | | |
| အတိုးရငွေ | ၃၄၁,၃၆၈.၉၀ | ၆၃၇,၁၅၄.၅၁ |
| အခြားရငွေ | ၁၀,၂၃၉.၇၃ | ၂၆,၁၁၇.၆၁ |
| *ပြည်တွင်းလုပ်ငန်းလုပ်ဆောင်ချက်များမှ စုစုပေါင်းဝင်ငွေ* | *၃၅၁,၆၀၈.၆၃* | *၆၆၃,၂၇၂.၁၂* |
| *ပြည်တွင်းလုပ်ငန်းဆောင်ရက်မှုအသုံးစရိတ်* | | |
| အတိုးပေးငွေ | ၆,၉၈၇.၄၁ | ၂၅,၂၉၇.၃၃ |
| အခြားအသုံးစရိတ်များ | ၃၉,၁၀၅.၄၈ | ၆၇,၅၂၇.၄၃ |
| *ပြည်တွင်းလုပ်ငန်းလုပ်ဆောင်ချက်များ၏ စုစုပေါင်းအသုံးစရိတ်* | *၄၆,၀၉၂.၈၉* | *၉၂,၈၂၄.၇၆* |
| *အသားတင်ပြည်တွင်းလုပ်ငန်းလုပ်ဆောင်ချက်မှဝင်ငွေ* | *၃၀၅,၅၁၅.၇၄* | *၅၇၀,၄၄၇.၃၆* |
| *လုပ်ငန်းလုပ်ဆောင်ချက် စုစုပေါင်းအသားတင်ဝင်ငွေ* | *၃၈၂,၄၈၈.၈၁* | *၆၅၂,၄၂၇.၂၀* |
| *(နှုတ်ရန်) လုပ်ငန်းလည်ပတ်စရိတ်* | | |
| အထွေထွေနှင့် စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ် | *၈,၄၆၃.၁၅* | *၁၅,၂၄၁.၄၈* |
| *နှစ်အတွင်းလုပ်ငန်းလုပ်ဆောင်ချက်အမြတ်* | *၃၇၄,၀၂၅.၆၆* | *၆၃၇,၁၈၅.၇၂* |
| *အခြားဝင်ငွေနှင့်အသုံးစရိတ်* | | |
| နိုင်ငံခြားငွေတန်ဖိုးပြန်လည်သင့်ခြင်း အရ/(အရှုံး) | ၁,၀၂၆,၄၂၃.၃၂ | (၁၄၂,၀၅၁.၅၆) |
| ရင်းနှီးမြှုပ်နှံမှုများအပေါ်တန်ဖိုးပြန်လည်သင့်မြတ်ခြင်း အရ/(အရှုံး) | *၂၁,၄၅၈.၅၃* | *၁၄,၄၉၃.၈၄* |
| *နှစ်အတွင်းအမြတ်/(အရှုံး)* | *၁,၀၄၇,၈၈၁.၈၅* | *(၁၂၇,၅၅၇.၇၂)* |
| *နှစ်အတွင်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဝင်ငွေ/(အရှုံး)စာရင်း* | *၁,၄၂၁,၉၀၇.၅၁* | *၅၀၉,၆၂၈.၀၀* |

## Central Bank of Myanmar

### Statement of Comprehensive Income for the year ended 30th September, 2018

| | Current<br>Sept : 2018<br>(Kyat in Million) | Previous<br>Mar : 2018<br>(Kyat in Million) |
|---|---|---|
| *Income from Foreign Currency Investments* | | |
| Interest Income | 78,371.08 | 84,911.05 |
| Net realized gain/(loss) on financial instruments classified as held For trading | (1,275.27) | (1,856.19) |
| Foreign Exchange Income | 516.03 | 407.65 |
| *Total Income from Foreign Currency Investments* | *77,611.84* | *83,462.51* |
| *Expenses on Foreign Currency Investments* | | |
| Interest Expenses | 245.85 | 712.49 |
| Other Expenses | 392.92 | 770.18 |
| *Total Expenses on Foreign Currency Investments* | *638.77* | *1,482.67* |
| *Net Foreign Currency Income* | *76,973.07* | *81,979.84* |
| *Income From Domestic Operations* | | |
| Interest Income | 341,368.90 | 637,154.51 |
| Other Income | 10,239.73 | 26,117.61 |
| *Total Income from Domestic Operations* | *351,608.63* | *663,272.12* |
| *Expenses on Domestic Operations* | | |
| Interest Expenses | 6,987.41 | 25,297.33 |
| Other Expenses | 39,105.48 | 67,527.43 |
| *Total Expenses on Domestic Operations* | *46,092.89* | *92,824.76* |
| *Net Domestic Income* | *305,515.74* | *570,447.36* |
| *Total Net Operations Income* | *382,488.81* | *652,427.20* |
| *Less: Operating Expenses* | | |
| General and Administration Expenses | *8,463.15* | *15,241.48* |
| *Operating Profit for the Year* | *374,025.66* | *637,185.72* |
| *Other Income and Expenses* | | |
| Fair value and Foreign Exchange Revaluation gain /(loss) on Foreign Currency | *1,026,423.32* | *(142,051.56)* |
| Fair Value gain/(loss) on investments | *21,458.53* | *14,493.84* |
| *Profit/(Loss) for the Year* | *1,047,881.85* | *(127,557.72)* |
| *Total Comprehensive Income/(Loss) for the Year* | *1,421,907.51* | *509,628.00* |

# နောက်ဆက်တွဲ (၂)
# လက်ကျန်ရှင်းတမ်း

# Annex (II)
# BALANCE SHEET

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ လက်ကျန်ရှင်းတမ်း

(ကျပ်သန်းပေါင်း)

| | စက်တင်ဘာလ ၂၀၁၈ | မတ်လ ၂၀၁၈ |
|---|---|---|
| **ရပိုင်ခွင့်များ** | | |
| **နိုင်ငံခြားငွေဆိုင်ရာရပိုင်ခွင့်များ** | | |
| ငွေသားနှင့်ငွေဖြစ်လွယ်သောရင်းနှီးမြှုပ်နှံမှုများ | ၁,၆၉၁,၀၇၄ | ၁,၆၀၉,၀၇၀ |
| ရွှေ | ၄၃၂,၈၂၆ | ၄၁၃,၀၁၅ |
| ပြည်ပဘဏ်များရှိ နိုင်ငံခြားငွေစာရင်း | ၅,၈၂၅,၉၆၃ | ၄,၆၅၄,၅၃၅ |
| နိုင်ငံခြားငွေဆိုင်ရာစာချုပ်စာတမ်းများ | ၅၇၀,၈၅၂ | ၄၈၄,၀၆၉ |
| ပြည်တွင်းဘဏ်များတွင် အပ်နှံငွေ | ၈၀၀,၆၂၄ | ၆၈၅,၁၅၅ |
| IMF တွင်ထည့်ဝင်ငွေ | ၁,၅၃၇ | ၁၆၄ |
| အခြားရပိုင်ခွင့်များ | ၂၀,၁၃၂ | ၁၀,၇၃၀ |
| **နိုင်ငံခြားငွေဆိုင်ရာ စုစုပေါင်းရပိုင်ခွင့်များ** | **၉,၃၄၃,၀၀၈** | **၇,၈၅၆,၇၃၉** |
| **ပြည်တွင်းငွေကြေးဆိုင်ရာရပိုင်ခွင့်များ** | | |
| အစိုးရငွေတိုက်စာချုပ်များ | ၁၄,၃၃၃,၃၁၀ | ၁၄,၃၃၄,၈၁၀ |
| ဘဏ်များသို့ချေးငွေ | ၅၄၃ | ၉၄,၆၇၁ |
| အစိုးရသို့ချေးငွေ | ၀ | ၀ |
| **ပြည်တွင်းငွေကြေးဆိုင်ရာ စုစုပေါင်းရပိုင်ခွင့်များ** | **၁၄,၃၃၃,၈၅၃** | **၁၄,၄၂၉,၄၈၁** |
| ပုံသေပိုင်ပစ္စည်း | ၁၄,၉၇၂ | ၁၆,၈၁၈ |
| အခြားရပိုင်ခွင့်များ | ၁၆၉,၄၁၂ | ၁၆၀,၉၇၉ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၂၃,၈၆၁,၂၄၅** | **၂၂,၄၆၄,၀၁၆** |
| **ပေးရန်တာဝန်များနှင့်အသားတင်ပိုင်ဆိုင်မှု** | | |
| **နိုင်ငံခြားငွေဆိုင်ရာပေးရန်တာဝန်များ** | | |
| ဘဏ်များ၏အပ်နှံငွေ | ၁,၂၃၆,၀၃၆ | ၁,၀၆၃,၁၄၈ |
| နိုင်ငံခြားအဖွဲ့အစည်းများ၏အပ်နှံငွေ | ၃၇၆ | ၃၂၁ |
| နိုင်ငံခြားအဖွဲ့အစည်းများမှ ချေးငွေများ | ၁၀၃ | ၂၀ |
| IMF ဆိုင်ရာပေးရန်တာဝန်များ | ၅၄၃,၈၉၈ | ၄၇၉,၆၀၀ |
| အခြားပေးရန်တာဝန်များ | ၉၁ | ၇၀၀ |
| **နိုင်ငံခြားငွေဆိုင်ရာ စုစုပေါင်းပေးရန်တာဝန်များ** | **၁,၇၈၀,၅၀၄** | **၁,၅၄၃,၇၉၀** |
| **ပြည်တွင်းငွေကြေးဆိုင်ရာ ပေးရန်တာဝန်များ** | | |
| အစိုးရအပ်ငွေ | ၆၇၄,၂၁၆ | ၇၁ |
| ဘဏ်များ၏အပ်နှံငွေ | ၂,၄၄၉,၃၉၃ | ၂,၇၈၅,၇၈၆ |
| အခြားအပ်နှံငွေများ | ၃၉၇,၁၄၈ | ၁၇၀,၁၆၁ |
| အခြားပေးရန်တာဝန်များ | ၅၅၃,၆၇၂ | ၆၁၅,၉၀၃ |
| ပြည်တွင်းလှည့်လည်သုံးစွဲငွေ | ၁၃,၆၅၂,၂၉၅ | ၁၄,၁၈၄,၃၈၈ |
| **ပြည်တွင်းငွေကြေးဆိုင်ရာ စုစုပေါင်းပေးရန်တာဝန်များ** | **၁၇,၇၂၆,၇၂၄** | **၁၇,၇၅၆,၃၁၀** |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၁၉,၅၀၇,၂၂၈** | **၁၉,၃၀၀,၁၀၀** |
| **မတည်ငွေရင်းနှင့်သီးသန့်လျာထားရန်ပုံငွေ** | | |
| မတည်ငွေရင်း | ၈၀၀,၀၀၀ | ၅၀၀,၀၀၀ |
| အထွေထွေသီးသန့်ရန်ပုံငွေ | ၃၄၂,၁၃၀ | ၅၀၀,၀၀၀ |
| အခြားသီးသန့်ရန်ပုံငွေ | ၃၀၅ | ၃၀၅ |
| နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းဆိုင်ရာတန်ဖိုးညှိနှိုင်းစာရင်း | ၂,၆၈၁,၄၉၂ | ၁,၆၅၅,၀၆၉ |
| ရေတန်ဖိုးညှိနှိုင်းလျာထားငွေ | ၄၃၀,၀၀၁ | ၄၀၈,၅၄၂ |
| ဈေးကွက်တည်ငြိမ်ရေးလျာထားငွေ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ရှေ့နှစ်သို့သယ်ဆောင်မည့်အမြတ် | ၈၉ | ၀ |
| နှစ်အတွင်းအမြတ် | ၀ | ၀ |
| **စုစုပေါင်းအသားတင်ပိုင်ဆိုင်မှုနှင့် သီးသန့်လျာထားရန်ပုံငွေ** | **၄,၃၅၄,၀၁၇** | **၃,၁၆၃,၉၁၇** |
| **စုစုပေါင်းပေးရန်တာဝန်များနှင့်အသားတင်ပိုင်ဆိုင်မှု** | **၂၃,၈၆၁,၂၄၅** | **၂၂,၄၆၄,၀၁၆** |

## Central Bank of Myanmar

## Balance sheet as at 30th September, 2018

| | Year Ended 30–Sep–2018 Kyat in Million | Year Ended 31–March–18 Kyat in Million |
|---|---|---|
| ASSETS | | |
| **Foreign Currency Assets** | | |
| Cash and Cash Equivalents | 1,691,074 | 1,609,070 |
| Gold | 432,826 | 413,015 |
| Placement with Foreign Banks | 5,825,963 | 4,654,535 |
| Foreign Securities | 570,852 | 484,069 |
| Deposit With Local Banks | 800,624 | 685,155 |
| IMF Related Assets | 1,537 | 164 |
| Other Assets | 20,132 | 10,730 |
| **Total Foreign Currency Assets** | **9,343,008** | **7,856,739** |
| **Domestic Currency Financial Assets** | | |
| Domestic Securitites | 14,333,310 | 14,334,810 |
| Loans to Banks | 543 | 94,671 |
| Loans to Government | 0 | 0 |
| **Total Domestic Currency Financial Assets** | **14,333,853** | **14,429,481** |
| Property, Plant and Equipment | 14,972 | 16,818 |
| Other Assets | 169,412 | 160,979 |
| **Total Assets** | **23,861,245** | **22,464,016** |
| LIABILITIES & EQUITY | | |
| **Foreign Currency Liabilities** | | |
| Banks Deposits | 1,236,036 | 1,063,148 |
| Foreign Institutions Deposits | 376 | 321 |
| Borrowing From Foreign Institutions | 103 | 20 |
| IMF Related Liabilities | 543,898 | 479,600 |
| Other Liabilities | 91 | 700 |
| **Total Foreign Currency Liabilities** | **1,780,504** | **1,543,790** |
| **Domestic Currency Liabilities** | | |
| Government Deposit | 674,216 | 71 |
| Banks Deposits | 2,449,393 | 2,785,786 |
| Other Deposits | 397,148 | 170,161 |
| Other Liabilities | 553,672 | 615,903 |
| Currency in Circulation | 13,652,295 | 14,184,388 |
| **Total Domestic Currency Liabilities** | **17,726,724** | **17,756,310** |
| **Total Liabilities** | **19,507,228** | **19,300,100** |
| **Equity and Reserves** | | |
| Capital | 800,000 | 500,000 |
| General Reserve | 342,130 | 500,000 |
| Other Reserves | 305 | 305 |
| Foreign Exchange Revaluation | 2,681,492 | 1,655,069 |
| Gold Revaluation Reserve | 430,001 | 408,542 |
| Stabilisation Fund | 100,000 | 100,000 |
| Retained Profit | 89 | 0 |
| Year to Date Profit | 0 | 0 |
| **Total Equity and Reserves** | **4,354,017** | **3,163,917** |
| **Total Liabilities and Equity** | **23,861,245** | **22,464,016** |

# နောက်ဆက်တွဲ (၃)
# အရေးကြီးဆက်သွယ်ရန်လိပ်စာ

## Annex (III)
## IMPORTANT CONTACT ADDRESS

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးအမှတ်(၅၅)၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်။

ဖုန်း – ၀၆၇ – ၄၁၈၂၀၃

ဖက်စ် – ၀၆၇ – ၄၁၈၂၇၀

Central Bank of Myanmar

Office No (55), Yarza Thingaha Road,

Nay Pyi Taw.

Phone: 95–67–418203

Fax: 95–67–418270

# နောက်ဆက်တွဲ (၄)
# တွေ့ဆုံဆွေးနွေးဂါရဝပြုခြင်းနှင့် ဆွေးနွေးပွဲများ

# Annex (IV)
# COURTESY CALLS AND DISCUSSIONS



Governor of the Central Bank of Myanmar received the Delegation led by Mr. Liu Ying, Chief Representative of Bank of China on April 6, 2018.



Governor of the Central Bank of Myanmar received the Delegation led by Mr. Mamuro Sakai, Senior Representative of Japan International Cooperation Agency (JICA) on May 10, 2018.




Governor of the Central Bank of Myanmar received the Delegation led by Mr. Clement BOURGEY, Financial Counsellor for ASEAN Countries of Embassy of France on May 16, 2018.



Governor of the Central Bank of Myanmar received the Delegation led by Japanese Ambassador to Myanmar H.E. Mr. Ichiro MARUYAMA on June 1, 2018.



Governor of the Central Bank of Myanmar received the Delegation led by Ms. Irma Kikvidze, Resident Advisor of IMF on July 24, 2018.



Governor of the Central Bank of Myanmar received the Delegation led by Korean Ambassador H.E Mr. Lee Sang-hwa, Embassy of the Republic of Korea on August 10, 2018.



Governor of the Central Bank of Myanmar received the Delegation led by Mr. Lee Chang Ha, Chief Representative of Korea Development Bank on September 5, 2018.



Governor of the Central Bank of Myanmar received the Delegation led by Mr. George Sibley, Deputy Chief of Mission, US Embassy on September 6, 2018.

# နောက်ဆက်တွဲ (၅)
# ဒါရိုက်တာအဖွဲ့၏ မှတ်တမ်းဓါတ်ပုံ

# Annex (V)
# PHOTO OF THE BOARD OF DIRECTORS

Central Bank of Myanmar

Board of Directors (April to Spetember, 2018)



7 6 5 2 1 3 4 8 9

| | | |
|---|---|---|
| (1) | U Kyaw Kyaw Maung | Governor |
| (2) | U Soe Min | Deputy Governor |
| (3) | U Soe Thein | Deputy Governor |
| (4) | U Bo Bo Nge | Deputy Governor |
| (5) | U Kyaw Min Tun | Member |
| (6) | U Myint Thein Tun | Member |
| (7) | U Soe Paing | Member |
| (8) | Daw Yi Yi Win | Member |
| (9) | Daw Khin May Hla | Member |